မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၉၅)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ❀ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ❀ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ရတနာပုံမြို့သစ်ကို စိမ်းလန်းစိုပြည်သာယာသည့် တောင်ပေါ် Silicon မြို့အဖြစ်တည်ဆောက် အိုင်စီတီစီးပွားရေးလုပ်ငန်းများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပါဝင်လာရန်ဖိတ်ခေါ် ပြည်တွင်းပြည်ပဈေးကွက် ခိုင်ခိုင်မာမာရရှိအောင် ကြိုးစားစီမံဆောင်ရွက်ပေးရန်လိုအပ်

နေပြည်တော် ဇူလိုင် ၂၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် Teleport နှင့် Incubation အဆောက်အအုံများ တည်ဆောက်မည့် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် စီမံကိန်းအဆောက်အအုံနေရာများကို ယမန်နေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စီစဉ်ဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများအား ရတနာပုံမြို့သစ်စီမံကိန်း ယာယီရှင်းလင်းဆောင်၌ ရှေးဦးစွာ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြရာ၌ ရတနာပုံမြို့သစ်၏ အကျယ်အဝန်းမှာ ဧက ၁၀၀၀၀ခန့်ရှိကြောင်း၊ ယင်းမြေနေရာများ၌ Teleport အဆောက်အအုံ၊ Incubation အဆောက်အအုံများကို အကွက်ကျကျဆောက်လုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရတနာပုံမြို့သစ် မြို့ကွက်မြေပုံနှင့် Teleport အဆောက်အအုံများဆောက်လုပ်ရန် ရွေးချယ်ထားသည့်နေရာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❋ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❋ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ❋ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❋ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❋ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ❋ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❋ နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ❋ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ❋ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❋ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❋ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မိုးလေဝသအခြေအနေ (ဇူလိုင် ၂၅ ရက်)

နေပြည်တော်	နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။
ရန်ကုန်	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေသာချိန်ရှိပြီး မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။
မန္တလေး	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၂၅ ရက်)

ဆေးပဒေသာပင်များ၏ အကျိုးကျေးဇူးကြောင့် ဆင်းရဲနွမ်းပါးလူနာများ အခမဲ့ဆေးကုသမှုရရှိနေကြပြီ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

နိုင်ငံတော်က နယ်စပ်အစွန်အဖျားဒေသများပါမကျန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လွှမ်းခြုံဆောင်ရွက်ပေးလျက်ရှိရာ ဆေးရုံ၊ ဆေးပေးခန်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ဆရာဝန်၊ ဆရာမ၊ သူနာပြုများ တိုးမြှင့်ခန့်ထားခြင်း၊ ကုသမှုလုပ်ငန်းများ၌ အဆင့်အတန်းမြင့်မြင့် လုပ်ကိုင်နိုင်ရန် ခေတ်မီ မေ့ဆေးစက်၊ ခွဲစိတ်ခန်းသုံးပစ္စည်းကိရိယာများကို ပြည့်ပြည့်စုံစုံ တပ်ဆင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များနှင့် ပြည်သူများ တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်မှုများကြောင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးလုပ်ငန်းများသည် တစ်နှစ်ထက်တစ်နှစ် သိသိသာသာ မြင့်မားတိုးတက်လာလျက်ရှိပေသည်။

ပြင်ဦးလွင် ခုတင် (၁၀၀)ဆံ့ဆေးရုံကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် ခုတင်(၂၀၀) ဆံ့ ဆေးရုံအဖြစ်အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးခဲ့သည်။ အထူးကုဌာနများဖြစ်သော နှလုံးရောဂါကုဌာန၊ ကျောက်ကပ်ဌာန၊ ထိခိုက်မှုနှင့် ဦးနှောက်အာရုံကြော ခွဲစိတ်ကုဌာနများ တိုးချဲ့ထားရှိခဲ့သည်။ တောင်စခန်းမြို့၊ အနားယူအပန်းဖြေ စခန်းမြို့ဖြစ်သည်နှင့်အညီ ဆေးရုံကိုလည်း စိတ်အေးချမ်းသာစွာ ဆေးကုသမှု ခံယူနိုင်ရန် စီမံတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူရှင်မိသားတစ်စုက အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇူလိုင်လ ၂၃ ရက်နေ့က ပြင်ဦးလွင်မြို့ ခုတင်(၂၀၀)ဆံ့ ဆေးရုံခန်းမ၌ ကျင်းပခဲ့သည်။

အလှူရှင်မိသားစုအနေဖြင့် ပြင်ဦးလွင်ဆေးရုံကြီး တိုးချဲ့ဓာတ်မှန်ဆောင်နှင့် သွေးလှူဘဏ်တို့အတွက် အလှူငွေများ လှူဒါန်းခြင်း၊ အော်တိုအိတ်ချိန်း၊ အထူးသီးသန့် လူနာဆောင်၊ ခွဲစိတ်စက်နှင့် Infusion Pump များ၊ အဝီစိတွင်း၊ ရေတွင်းရေကန်များကိုလည်း လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဆေးရုံများတွင် စေတနာရှင်ပြည်သူလူထု၏ လှူဒါန်းငွေများဖြင့် ဆေးပဒေသာပင်များ ထူထောင်ပြီး ယင်းဆေးပဒေသာပင်များမှ ရရှိလာသော အတိုးငွေကို ဆင်းရဲနွမ်းပါးသူများအတွက် ဆေးဝါးကုသမှု ထောက်ပံ့ပေးလျက်ရှိသည်။

စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုများကြောင့် ဆေးရုံများတွင် ဆေးပဒေသာပင်များ တိုးတက်လာလျက်ရှိသကဲ့သို့ ဆေးပဒေသာပင်များ၏ အကျိုးကျေးဇူးကြောင့် ဆင်းရဲနွမ်းပါးသော လူနာများ အခမဲ့ဆေးဝါးကုသမှု ရရှိနေကြပြီဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာရေးလုပ်ငန်းဆောင်ရွက်

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကကြီးမှူး၍ သာကေတမြို့နယ် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်မှု အခမ်းအနားနှင့် သာကေတမြို့နယ်၏ ၂၀၀၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားတို့ကို ယမန်နေ့နံနက်ပိုင်းက သာကေတမြို့နယ် အမှတ် (၃၈) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ သာကေတမြို့နယ် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ကျန်းမာသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်မှုအခမ်းအနားကို နံနက် ၇ နာရီတွင် သာကေတမြို့နယ် အမှတ်(၃၈) အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ရှေ့လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သော ပတ်ဝန်းကျင် ကျန်းမာသန့်ရှင်းရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် တိုင်းမှူးနှင့်ဇနီး၊ မြို့တော်ဝန်တို့က သာကေတ မြို့နယ်အတွင်းရှိ ရပ်ကွက် ၁၉ ရပ်ကွက်အတွက် သန့်ရှင်းရေးလုပ်ငန်းသုံးပစ္စည်းများကို ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲ ဥက္ကဋ္ဌများထံ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ဆက်လက်၍ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်က သာကေတမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းရီထံ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပညာပေးရုပ်ပုံကားချပ်များကို ပေးအပ်သည်။

အမှတ်တရသစ်ပင်စိုက်ပျိုးပေး

ဆက်လက်၍ သာကေတမြို့နယ်၏ ၂၀၀၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် အခမ်းအနားကို အဆိုပါကျောင်းရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က တက်ရောက်လာကြသူများအား ပျိုးပင်များကို ဝေငှပေးအပ်ပြီး အမှတ်တရ သစ်ပင်များကို ပါဝင်စိုက်ပျိုးပေးကြသည်။

လိုက်လံကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများက စုပေါင်း၍ သစ်ပင်များစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊ ရန်ကုန်မြို့တော်ဝန်တို့သည် သာကေတမြို့နယ် ၄/တောင်ရပ်ကွက် အောင်မေတ္တာလမ်းနှင့် မြို့မလမ်းတစ်လျှောက်တို့ရှိ လမ်းဘေးဝဲ/ယာနှင့် လမ်းသွယ်များအတွင်း၌ ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ အမှိုက်များရှင်းလင်းခြင်း၊ မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ လမ်းဘေးနှင့် လမ်းဖြတ်ရေနုတ်မြောင်းများ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ဆေးဖျန်းခြင်းနှင့် ဖုံး၊ သွန်၊လဲ၊စစ်လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး၊ ပညာပေးရုပ်ပုံကားချပ်များကိုလည်းကောင်း လိုက်လံကြည့်ရှုကြသည်။

အပတ်စဉ်ဆောင်ရွက်သွားမည်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများကို ခရိုင်၊မြို့နယ်နှင့် ရပ်ကွက်များအလိုက် အပတ်စဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၅-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရှင်လန်းယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြပာန်ဂီတသံ
- ၄:၁၅ ၄။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ ပညာခေတ်
- ၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့ အိမ်ကလေး"** (အပိုင်း-၄၉)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ **"သြဝါဒကောင်းမွန် ကောင်းကျိုးညွှန်"**
- ၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟောဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၁၀)

ညောင်ဦးမြို့ ရွှေစည်းခုံဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန်အတွက် ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့ စကားပြောနည်း အတတ်ပညာသင်တန်း၁/၂၀၀၆မှ သင်တန်းသားများ စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၅၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၃ ရက်က အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ကျင်းပရာ ဒုရဲမှူးယုနိုင်နှင့်သင်တန်းသားများက ရွှေစည်းခုံဘုရားကြီး ဂေါပကအဖွဲ့ကိုယ်စား ဗုဒ္ဓပူဇနိယ ဆီမီး၉၉၀၀အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နှင့် တာဝန်ရှိသူများထံ လှူဒါန်းစဉ်။ (၀၄၆)

❐ ရှေ့ဖုံးမှ

ပထမအဆင့်တွင် စီမံကိန်းတစ်ခုလုံးအတွက် အရေးကြီးဆုံးဖြစ်သည့် Teleport အဆောက်အအုံ စတင်ဆောက်လုပ်နိုင်ရန် ပြီးခဲ့သည့် ဇွန်၃၀ရက်တွင် မြေသန့်မင်္ဂလာနှင့် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ရှင်းလင်းတင်ပြ

မြို့သစ်စီမံကိန်းအတွက် ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ်ရရှိရေးကိစ္စများကိုလည်း သက်ဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရတနာပုံမြို့သစ်စီမံကိန်းနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အကွက်ကျကျ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရတနာပုံမြို့သစ်ကို အကွက်ကျကျ စိမ်းလန်းစိုပြည်သာယာသည့် တောင်ပေါ် Silicon မြို့အဖြစ် တည်ဆောက်ထူထောင်သွားရမှာဖြစ်ကြောင်း။

မြို့သစ်၏ အိုင်စီတီစီးပွားရေးလုပ်ငန်းများ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံပါဝင်လာရန် ဖိတ်ခေါ်အားပေးသွားရမှာဖြစ်သကဲ့သို့ နောင်၌ ပြည်တွင်းပြည်ပဈေးကွက်ခိုင်ခိုင်မာမာရရှိအောင်လည်း ကြိုးစားစီမံဆောင်ရွက်ပေးရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ရတနာပုံမြို့သစ်မြို့ကွက် မြေပုံနှင့် Teleport အဆောက်အအုံ၊ Incubation အဆောက်အအုံပုံစံငယ် ကားချပ်များကိုလည်းကောင်း၊ အဆောက်အအုံများဆောက်လုပ်ရန် ရွေးချယ်ထားသည့်နေရာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရတနာပုံမြို့သစ်စီမံကိန်းရှင်းလင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရတနာပုံမြို့သစ်စီမံကိန်းနှင့် စပ်လျဉ်း၍ အီလက်ထရွန်နစ် အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လိုအပ်သည်များ မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ်စီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။

(သတင်းစဉ်)

ပုဂံညောင်ဦးမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

ပုဂံညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ စတုတ္ထအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၃၀ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း ခမ္ဘသုခကျောင်းတိုက် မှန်ကျောင်း ရွှေနှင်းဆီခမ္ဘဗိမာန်တော်၌ ဘုရားဖြူကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနရိန္ဒာဘိဝံသ ဆရာတော်ကြီးအား အမှူးထား၍ ပုဂံညောင်ဦး မြို့နယ်ဖွား ရန်ကုန်ရောက် ကျောင်းထိုင်ဆရာတော်ကြီးများကို ဂျူးမင်း သင်္ကန်းတိုက်ပိုင်ရှင်ဦးနွေးအောင်-ဒေါ်တင်ဝိုင်းမိသားစုနှင့်အတူ ဝါဆိုသင်္ကန်း ကပ်လှူပြီး နေ့ဆွမ်းဆက်ကပ်ပူဇော်မည်ဖြစ်သည်။

လှူဒါန်းနိုင်

ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်များ မပျက်မကွက်တက်ရောက်ရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို နာယက ဦးဘစော ဖုန်း-၂၀၁၄၆၈၊ ဦးသိန်းအောင်(ဥက္ကဋ္ဌ) ဖုန်း-၅၇၇၇၀၂၊ အတွင်းရေးမှူး ဦးသောင်းညွန့် ဖုန်း-၅၅၉၀၆၆နှင့် ဦးနွေးအောင်-ဒေါ်တင်ဝိုင်း(ဂျူးမင်းသင်္ကန်းတိုက်) ဖုန်း-၅၄၀၁၁၈၊ ၀၉-၅၁၆၅၅၁၂ ဆိုင်အမှတ်(၁) အမှတ်၁၆/၁၇ ရေတာရှည်လမ်းဟောင်း ကြေးသွန်းဘုရားကြီးအနီး ဗဟန်းမြို့နယ်တို့သို့ ဆက်သွယ်ပေးပို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင်အမှတ်(၀၁၉) အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံအနီး၌ ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၄

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် အမှတ်(၀၁၉)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၂၃ရက်က ရန်ကုန်မြို့ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းလမ်းဆုံအနီးရှိ အဆိုပါအရောင်းဆိုင်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းလွင်နှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းတို့က မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးသိန်းဌေးက လိုက်လံရှင်းလင်းပြသသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဧည့်သည်များသည် မော်တော်ယာဉ်များအား သဘာဝဓာတ်ငွေ့ဖြည့်သွင်းပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ယာဉ်မောင်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကြသည်။

လိုသမျှရောင်းချပေး

ယခုအခါ ရန်ကုန်မြို့တော် နယ်နိမိတ်အတွင်း သဘာဝဓာတ်ငွေ့ အရောင်းဆိုင်အသစ်များကို ဖွင့်လှစ်ခဲ့ရာ ဆိုင်ဟောင်းနှစ်ဆိုင် အပါအဝင် စုစုပေါင်း ၁၉ဆိုင် ရှိသွားပြီဖြစ်ပြီး နောက်ထပ်လည်း ဆိုင်အသစ်များကို ဆက်လက် ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ အဆိုပါဆိုင်များမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များကို ၂၄နာရီပတ်လုံး အကန့်အသတ်မရှိ လိုသမျှရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ် ၁ နေ ဦးခင်မောင်ညွန့်-ဒေါ်မြင့်မြင့်ခင်တို့၏ နှစ် (၅၀)မြောက် မင်္ဂလာနှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ခြသေ့်နှင့်တောခွေးများအား အမဲပစ်မှု တန်ဇန်းနီးယားအစိုးရပိတ်ပင်တားမြစ်

ဒါအက်စ်ဆလမ် ဇူလိုင် ၂၄

ကမ္ဘာလှည့်ခရီးသည်များသည် ခြသေ့်များနှင့် တောခွေးများကို နိုင်ငံအတွင်း အမဲလိုက် ပစ်ခတ်သတ်ဖြတ်ခြင်းကို တန်ဇန်းနီးယားအစိုးရက ပိတ်ပင်လိုက်ကြောင်း ဇူလိုင် ၂၀ ရက်က ရရှိသောသတင်းများတွင် ဖော်ပြပါရှိသည်။

ချက်ချင်းအကျိုးသက်ရောက်မည့် အဆိုပါပိတ်ပင်မှုအမိန့်စာကို တန်ဇန်းနီးယား သဘာဝအရင်းအမြစ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနက ဇူလိုင် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တရားစွဲ

ဇူလိုင် ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ဖြစ်သော တန်ဇန်းနီးယား၏ အမဲလိုက်ရာသီကို ပိတ်ပင်ထားသည့် အမိန့်အား ချိုးဖောက်ပါက တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်း တန်ဇန်းနီးယားအမဲလိုက်သူများအသင်းအတွင်းရေးမှူးချုပ် အဗ္ဗဒူကာဒါမိုဟာမက်က ပြောကြားသည်။

ခြသေ့်များကို အမဲလိုက်ပစ်ခတ်သတ်ဖြတ်မှုသည် တစ်နှစ်လျှင် ပျမ်းမျှကောင်ရေ ၂၅၀ ရှိပြီး တန်ဇန်းနီးယားနိုင်ငံအတွက် ခြသေ့်မှ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ သန်းမှ ၅ သန်းအထိရရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

ခွင့်ပြုခဲ့

အသက် ၆ နှစ် သို့မဟုတ် ၎င်းထက်ကြီးသော ခြသေ့်များကိုသာလျှင် ကမ္ဘာလှည့်ခရီးသည် အမဲပစ်မှုအတွက် ထောက်ခံပြီး တန်ဇန်းနီးယားမှ တင်ပို့မှုကို ခွင့်ပြုခဲ့သည်။ တန်ဇန်းနီးယားအတွက် ကမ္ဘာလှည့်ခရီးသည် အမဲလိုက်ခြင်းမှရရှိသည့်ဝင်ငွေသည် တစ်နှစ်လျှင်ဒေါ်လာ ၂၇ သန်းရှိကြောင်း ဆင်ဟွာက ဖော်ပြသည်။

၁၅၀၀၀ ရှိ

တန်ဇန်းနီးယားတွင် ခြသေ့်ပေါင်း ပျမ်းမျှ ၁၅၀၀၀ ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဗန်ကောက်လေဆိပ်သစ်ကြီး၏ အတွင်းတစ်နေရာကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မွမ်ဘိုင်းမြို့ ဗုံးခွဲမှု သံသယရှိသူသုံးဦးအား အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ဖမ်းဆီး

နယူးဒေလီ ဇူလိုင် ၂၄

ပြီးခဲ့သော သီတင်းပတ်က မွမ်ဘိုင်းမြို့ မီးရထားလမ်း ကွန်ရက်ဗုံးပေါက်ကွဲမှုများနှင့်ဆက်နွှယ်သည့် သံသယရှိသူသုံးဦးကို အကြမ်းဖက်မှု တိုက်ဖျက်ရေးအဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသတာဝန်ရှိသူတစ်ဦးက ဇူလိုင် ၂၁ ရက်၌ ပြောကြားသည်။

ယင်းသည် ထိုဗုံးပေါက်ကွဲမှုများနှင့်စပ်လျဉ်းပြီး ပထမဆုံးအကြိမ် ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ၎င်းတာဝန်ရှိသူက ပြောကြားသည်။

ယင်းတို့ထဲမှနှစ်ဦးကို ဘီဟာပြည်နယ်မြောက်ပိုင်း၌ ဇူလိုင် ၂၀ရက်က ဖမ်းဆီးခဲ့ပြီး ကျန်တစ်ဦးကို ဇူလိုင်၂၁ရက်က မွမ်ဘိုင်းမြို့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းတို့ထဲမှတစ်ဦးထံမှ ဖောက်ခွဲရေးပစ္စည်းကီလိုဝက်ခန့် တွေ့ရှိခဲ့ကြောင်း ၎င်းတာဝန်ရှိသူ၏ ပြောကြားချက်ကို အင်ဒို-အာရှ သတင်းဌာနက ကိုးကားဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

စင်ကာပူနိုင်ငံတွင် တရုတ်နိုင်ငံမှ ဂူကျင်းတေးဂီတပညာရှင်များ၏ ဖျော်ဖြေပွဲကို ဇူလိုင် ၁၉ ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဗန်ကောက်လေဆိပ်သစ်ကြီး စက်တင်ဘာ ၂၈ ရက်၌ ဖွင့်မည်

ဗန်ကောက် ဇူလိုင် ၂၄

ထိုင်းနိုင်ငံဗန်ကောက်မြို့ရှိ ဒေါ်လာသန်းပေါင်းများစွာ အကုန်အကျခံတည်ဆောက်ထားသော သုဝဏ္ဏဘူမိလေဆိပ်သစ်ကြီးကို စက်တင်ဘာ ၂၈ ရက်နံနက်ပိုင်းတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ်သက်ဆင်ရှင်နာဝပ်က ဇူလိုင် ၂၁ရက်၌ ပြောကြားသည်။

အဆိုပါလေဆိပ်သစ်ကြီးသည် ပြိုင်ဖက်စင်ကာပူ၊ ဟောင်ကောင်နှင့်ကွာလာလမ်ပူလေဆိပ်များဖွင့်ပြီး တစ်နှစ်အကြာ ထူးခြားသည့်လေဆိပ်ကြီးဖြစ်လိမ့်မည်ဟု မျှော်လင့်ကြောင်း သက်ဆင်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားသည်။

ယင်းလေဆိပ်ကြီးသည် ၃ဒသမ၂၀၀ ဟက်တာကျယ်ဝန်းပြီး မြို့တော် ဗန်ကောက်၏အရှေ့ဘက် ၁၅မိုင်အကွာတွင်ရှိပြီး ကမ္ဘာ့အမြင့်ဆုံးမျှော်စင်ကြီးတစ်ခုနှင့် လေယာဉ်ပြေးလမ်းနှစ်လမ်း ပါရှိသည်။

ယင်းလေဆိပ်ကြီးသည် တစ်နှစ်လျှင် ခရီးသွား ၄၅ သန်းအား ဝန်ဆောင်မှုပေးနိုင်လိမ့်မည်ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများက ပြောကြားသည်။ ထိုလေဆိပ်ကြီးတည်ဆောက်ရာတွင် အမေရိကန်ဒေါ်လာ ၅ဒသမ၆ဘီလီယံကုန်ကျကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယနှင့်ပါကစ္စတန် ဖက်ရှင်ပြပွဲပူးပေါင်းကျင်းပ

နယူးဒေလီ ဇူလိုင် ၂၄

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံမှ ရုပ်ရှင်သရုပ်ဆောင်များနှင့် အနုပညာရှင်များသည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုအဖြစ် ဖက်ရှင်ပြပွဲတစ်ရပ်ကို နယူးဒေလီမြို့၌ ဇူလိုင် ၂၂ရက်မှစပြီး သုံးရက်ကြာ ပူးပေါင်းခင်းကျင်းပြသလျက်ရှိသည်။

ပြသခဲ့

အဆိုပါဖက်ရှင်ပြပွဲသို့ နှစ်နိုင်ငံမှ ဖက်ရှင်နှင့် လက်ဝတ်ရတနာ ဒီဇိုင်းပညာရှင်များ တက်ရောက်ခဲ့သည်။ ယင်းနှစ်နိုင်ငံသည် လွန်ခဲ့သောသီတင်းပတ်က မွမ်ဘိုင်းမြို့ ဗုံးပေါက်ကွဲမှုများဖြစ်သွားပြီး တင်းမာမှုများဖြစ်ခဲ့သည်။ ယခုဖက်ရှင်ပြပွဲကို နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ပြပွဲအဖွဲ့တစ်ခုက ကြီးမှူးပြီး ငြိမ်းချမ်းရေးတိုးတက်မှုဆက်လက်ဖြစ်ထွန်းစေ၍ ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လာရောက်ကြည့်ရှု

အဆိုပါပြပွဲတွင် ပါဝင်ပြသသည့် ပြသသူပေါင်း ၁၀၀ကျော် ပြသခဲ့ပြီး နယူးဒေလီမြို့မှ လာရောက်ကြည့်ရှုသူများနှင့်ဝယ်ယူသူများ ထောင်ချီ၍ရှိခဲ့ကြောင်း ကျင်းပရေးအဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်အရှေ့တောင်ပိုင်း၌လျှင်လှုပ် အနည်းဆုံးလူ ၂၀ ခန့်သေဆုံး

ယူနန် ဇူလိုင် ၂၄

တရုတ်နိုင်ငံ ယူနန်ပြည်နယ်အရှေ့တောင်ပိုင်း၌ ဇူလိုင် ၂၂ရက်က အင်အား ၅ဒသမ ၁ ရှိသော မြေငလျင်တစ်ခုတုန်လှုပ်ခဲ့ရာ အနည်းဆုံးလူ ၂၀ သေဆုံးခဲ့ကြောင်း ဒေသသတင်းရပ်ကွက်က ပြောကြားသည်။

ပြောကြား

အဆိုပါငလျင်ကြောင့် ရန်ကျင်းဒေသ၌ လူ ၁၆ ဦး၊ ဒါဂွမ်းဒေသ၌ အနည်းဆုံး နှစ်ဦးသေဆုံးခဲ့ကြောင်း ၎င်းသတင်းရပ်ကွက်များက ပြောကြားသည်။

ယင်းမြေငလျင်သည် ကျောက်တောင်းမြို့မှ ကီလိုမီတာ ၉၀အကွာ မြောက်လတ္တီတွဒ် ၂၈ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၀၄ ဒသမ ၂ဒီဂရီ၌ ဇူလိုင် ၂၂ရက် နံနက် ၉နာရီ ၁၀မိနစ်တွင် လှုပ်ခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရ

၎င်းမြေငလျင်ကြောင့် လူ ၁၀၆ဦး ဒဏ်ရာရပြီး နေအိမ် ၁၄၀၀ပျက်စီးခဲ့ကြောင်း ဒေသတာဝန်ရှိသူများက ပြောကြားသည်။

ယူနန်-ကွမ်ကျိုးကုန်းမြေမြင့်ရှိ ရန်ကျင်း၌ လူပေါင်း ၃၅၀၀၀၀နေထိုင်သည်။ အများစုမှာ တောင်စောင်းများ၌ နေအိမ်များဆောက်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

နိုင်ငံတကာတပ်ဖွဲ့ဝင်များချထားရေး အစ္စရေးဝန်ကြီးလက်ခံ တွေ့ဆုံဆွေးနွေးရေးတံခါးဖွင့်ဆဲဟု ဟစ်ဇ်ဘိုလာတို့ပြောကြား

ဂျေရုဆလင် ဇူလိုင် ၂၄

ဟစ်ဇ်ဘိုလာတို့က အစ္စရေးနိုင်ငံ ဟိုင်ဖာမြို့ပေါ်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိနေချိန်တွင် အစ္စရေးတပ်ဖွဲ့ဝင်များကလည်း လက်ဘနွန်နိုင်ငံ တောင်ပိုင်းနယ်စပ်ဒေသများအား မြေပြင်စစ်ဆင်ရေးဆောင်ရွက်ပြင်ဆင်လျက်ရှိနေပြီ ဖြစ်သည်။

ထိုအချိန်၌လက်ရှိမိမိတို့အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ပြန်လွှတ်လျှင် နယ်စပ်တစ်လျှောက် နိုင်ငံတကာတပ်ဖွဲ့ဝင်များချထားမှုကို ကြိုဆိုမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးက ဇူလိုင်၂၄ရက် နံနက်က ပြောကြားလိုက်သည်။

ဟစ်ဇ်ဘိုလာခေါင်းဆောင် ရှိတ်ဟာဆင်က ဇူလိုင်၂၄ရက် နံနက်ပိုင်း၌ ပြောကြားရာတွင် အစ္စရေးတို့ မြေပြင်စစ်ဆင်ရေးပြုလုပ်နေသော်လည်း မိမိတို့၏ ဒုံးကျည်များဖြင့် ဆက်လက်ပစ်ခတ်နေမှုကို မည်သို့မျှ ဟန့်တားနိုင်မည်မဟုတ်ကြောင်း၊သို့သော်မိမိတို့အနေဖြင့် တွေ့ဆုံဆွေးနွေးမှုကို တံခါးဖွင့်ထားဆဲ ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ထုတ်ပြန်

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် စစ်ဆင်တိုက်ခိုက်နေသော အစ္စရေးတပ်ဖွဲ့က ဟစ်ဇ်ဘိုလာလက်နက်ကိုင်တိုက်ခိုက်ရေးသမားနှစ်ဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ဇူလိုင် ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

တိုက်ပွဲပြင်းထန်

အဆိုပါ ဟစ်ဇ်ဘိုလာ လက်နက်ကိုင် တိုက်ခိုက်ရေးသမားနှစ်ဦးကို ဖမ်းဆီးခဲ့ခြင်းမှာ လက်ဘနွန်နယ်စပ်မာရွန်အယ်ရက်စ်ကျေးရွာ၌ ဖြစ်ကြောင်း အစ္စရေး တပ်ဖွဲ့က ပြောကြားခဲ့သည်။ အစ္စရေးတပ်ဖွဲ့ဝင်များက လွန်ခဲ့သောရက်အနည်းငယ်အတွင်း၌ လက်ဘနွန်နယ်စပ်ကို ဖြတ်ကျော်တိုက်ခိုက်မှုများပြုလုပ်ခဲ့သဖြင့် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သည်။

သေဆုံးခဲ့

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အပြန်အလှန် တိုက်ခိုက်မှုများကြောင့် လက်ဘနွန်နိုင်ငံတွင် ဇူလိုင် ၂၄ ရက်နံနက်ပိုင်းအထိ ဟစ်ဇ်ဘိုလာ တိုက်ခိုက်ရေး သမား ၁၁ ဦး၊ လက်ဘနွန်တပ်ဖွဲ့ဝင် ၂၀ အပါအဝင် ပြည်သူ ၃၈၁ ဦး သေဆုံးခဲ့ရပြီး အစ္စရေးတို့ဘက်ကလည်း အစ္စရေးတပ်ဖွဲ့ဝင် ၁၉ဦး ဒုံးကျည်ထိမှန်သေဆုံးပြီး ပြည်သူ ၁၇ဦးလည်း သေဆုံးခဲ့ရာ စုစုပေါင်း အစ္စရေး ၃၆ဦး သေဆုံးခဲ့ရပြီဖြစ်သည်။

(အင်တာနက်)

လက်ဘနွန်တောင်ပိုင်းရှိ ပြိုကျ ပျက်စီးသွားသော အဆောက်အအုံ တစ်ခုကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ရုရှားဂျက်တိုက်လေယာဉ်အစင်း ၃၀ ဗင်နီဇွဲလားသို့ ရောင်းချမည်

မော်စကို ဇူလိုင် ၂၄

ရုရှားနိုင်ငံသည် ဗင်နီဇွဲလားနိုင်ငံသို့ ဆူခွိုင်းဂျက်တိုက်လေယာဉ် ၃၀ရောင်းချမည့် သဘောတူညီမှုအား လက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဆာဂီအိုင်ဗန်နော့က ဇူလိုင် ၂၁ရက်၌ ပြောကြားသည်။

ရုရှား ဂျက်တိုက်လေယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ယခုချုပ်ဆိုလိုက်သော သဘောတူညီချက်အရ ရောင်းချမည့် စုစုပေါင်း တန်ဖိုးသည် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော်ဖိုးဖြစ်ကြောင်း အိုင်ဗန်နော့၏ ပြောဆိုချက်ကို ရုရှားသတင်းအေဂျင်စီမှ အစီရင်ခံတင်ပြခဲ့သည်။

ပြီးခဲ့သောနှစ်က ချုပ်ဆိုခဲ့သော စာချုပ်အရ ရုရှားနိုင်ငံမှ သင်္ဘောဖြင့် တင်ပို့လိုက်သော ရိုင်ဖယ်သေနတ် ၃၀၀၀၀နှင့် ကျည်တောင့် ၂၅သန်းကို ဇူလိုင် ၃ရက်က ဗင်နီဇွဲလားမှ လက်ခံရရှိခဲ့သည်။ ထိုသဘောတူညီချက်တွင် ရဟတ်ယာဉ်များ ဝယ်ယူခြင်းလဲ ပါဝင်သည်။

အစားထိုး

အမေရိကန်လုပ် အက်ဖ်-၁၆ တိုက်လေယာဉ်များ နေရာတွင် ယခုဝယ်ယူသော ဆူခွိုင်းဂျက်တိုက်လေယာဉ်များကို အစားထိုးသုံးစွဲသွားရန် ဗင်နီဇွဲလားက စီစဉ်ဆောင်ရွက်ထားသည်။

စီစဉ်

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်သည် ဇူလိုင် ၂၅ရက်မှ ၂၇ရက်အထိ ရုရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ရန် စီစဉ်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ

လကမ္ဘာနှင့်အင်္ဂါဂြိုဟ်မှ ကျောက်တုံးများ တရုတ်ရရှိထား

ပေကျင်း ဇူလိုင် ၂၄

တရုတ်နိုင်ငံသည် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်သို့ ယခုတိုင်အာကာသယာဉ်အား စေလွှတ်ခဲ့ခြင်းမရှိသေးသော်လည်း ၎င်းတွင် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်မှ ကျောက်ခဲသုံးတုံးရရှိထားကြောင်း တရုတ်သိပ္ပံပညာဌာနမှ အဖွဲ့ဝင်ဖြစ်သူ ဇီယွမ်က ပြောကြားသည်။

လကမ္ဘာမှ ကျောက်ခဲတုံး တစ်တုံးနှင့် အင်္ဂါဂြိုဟ်မှ ကျောက်ခဲတုံး နှစ်တုံးအပါအဝင် တောင်ဝင်ရိုးစွန်းဒေသတွင် အာကာသမှ ကျလာသော ကျောက်ခဲတုံးတစ်သောင်းနီးပါးကို တရုတ်စူးစမ်းလေ့လာရှာဖွေသူများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သောကြာနေ့က ကျင်းပသည့် (၃၆)ကြိမ်မြောက် အာကာသသုတေသနသိပ္ပံဆိုင်ရာ ညီလာခံတွင် ယွမ်က ပြောကြားလိုက်သည်။

အတိတ်ကာလက လူသားများသည် လကမ္ဘာမှကျလာသော ကျောက်ခဲတုံး ၂၆တုံးကို အတူတကွ ရရှိပိုင်ဆိုင်ခဲ့ကြကြောင်း ယခင်က လကမ္ဘာသို့ သွားရောက်ခဲ့စဉ် လကမ္ဘာ၏ နမူနာ ကျောက်ခဲတုံးများကို ယူဆောင်လာခဲ့ကြသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ**

အစ္စရေးက လက်ဘနွန်ကိုတိုက်ခိုက်မှု ဘုရှ်နှင့်ဘလဲ သဘောထားကွဲလွဲနေ

ဘေရွတ် ဇူလိုင် ၂၄

အစ္စရေးတပ်များက လက်ဘနွန်နိုင်ငံအတွင်းဝင်ရောက်ခြင်းကို ဗြိတိသျှတာဝန်ရှိသူများနှင့် ဂျော့ဂျ်ဒဗလျူဘုရှ်တို့ သဘောထားကွဲလွဲလျက်ရှိသည်။

ဇူလိုင် ၂၃ရက်က အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်သည် ထိုအကျပ်အတည်းကို ဖြေရှင်းရန် အရှေ့အလယ်ပိုင်းသို့ထွက်ခွာသွားသည်။ ဘလဲသည် ဘုရှ်နှင့်တွေ့ရန် ဇူလိုင်၂၁ရက်က အမေရိကန်သို့ ရောက်ရှိနေသည်။ ယင်းတို့နှစ်ဦးသည် လက်ဘနွန်နိုင်ငံအား အစ္စရေးကတိုက်ခိုက်ခြင်းအပေါ် သဘောထားကွဲလွဲလျက်ရှိသည်။ အစ္စရေးစစ်တပ်၏ ဝင်ရောက်တိုက်ခိုက်မှုကို ဗြိတိန်နိုင်ငံခြားရေးရုံးဝန်ကြီး ကင်ဟောဝဲလ်က ပထမဆုံး ဝေဖန်လိုက်သည်။ ဝါရှင်တန်က ယင်းကိစ္စကို ထောက်ခံနေပြီး တိုနီဘလဲက အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်အား စိုးရိမ်မိကြောင်း ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့သည်။

ထိပ်တိုက်ရင်ဆိုင်

အစ္စရေးဝန်ကြီးချုပ်က ဟစ်ဇ်ဘိုလာတို့၏ လုံခြုံရေးခြိမ်းခြောက်မှုကို ထိပ်တိုက်ရင်ဆိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။

ဇူလိုင် ၂၂ရက်က အစ္စရေးစစ်သား၂၀၀၀နှင့် တင့်ကားများသည် လက်ဘနွန်နယ်စပ်ကို ဝင်ရောက်လာခဲ့သည်။ သို့သော်လည်း အချို့အစ္စရေးစစ်သားများ အစ္စရေးသို့ ပြန်ပြေးကြသည်။ **(အင်တာနက်)**

တောင်ကိုရီးယား တရားရေးဝန်ကြီးနုတ်ထွက်

ဆိုးလ် ဇူလိုင်၂၄

တောင်ကိုရီးယားအစိုးရအဖွဲ့မှ တရားရေးဝန်ကြီး ချန်ဂျွန်ဘေသည် ဇူလိုင် ၂၁ရက်၌ ရာထူးမှနုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၎င်းကပြောကြားသည်။ မိမိနုတ်ထွက်စာကို တောင်ကိုရီးယားသမ္မတ ရိုမူဟွန်းထံ ဇူလိုင် ၂၁ရက်၌ တင်ပြလိုက်ပြီဖြစ်ကြောင်း ချန်ဂျွန်ဘေက သတင်းထောက်များအား ပြောကြားလိုက်သည်။

ချန်ဂျွန်ဘေသည် လာမည့် တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ကြိုးစားမည်ဖြစ်ပြီး မျှော်လင့်ချက်လည်းထားရှိနေသူဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန်ငလျင်ဒုက္ခသည်များအား နေအိမ်များသို့ ပြန်လည်ပြောင်းရွှေ့ပေးခဲ့

အစ္စလမ္မာဘတ် ဇူလိုင် ၂၄

ငလျင်ဒဏ် ခံရ၍ ယာယီ ကင်းစခန်းတွင် နေရသော ပြည်သူများအား ၎င်းတို့၏အိမ်များသို့ ပြောင်းရွှေ့နေရာချထားပေးမည် ဖြစ်ကြောင်း ဇူလိုင်၂၁ရက်၌ ပါကစ္စတန်ဝန်ကြီးချုပ် ရှော့ကက်အဇစ်က ပြောကြားသည်။

ထို့ကြောင့် ၎င်းတို့၏ ပုံမှန်ဘဝအခြေအနေကို အလျင်အမြန် ပြန်လည်စတင်နိုင်မည်ဖြစ်ကြောင်း အေပီပီ သတင်း အေဂျင်စီမှ အစီရင်ခံ တင်ပြသည်။

ငလျင်ဒဏ် ခံရသော နေရာများတွင် ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်ပြီးပြီဖြစ်ကြောင်း၊ ငလျင်ဒဏ်ခံရသူများအတွက် အမေရိကန်ဒေါ်လာ သန်း ၇၅၀ခန့်ကိုလည်း ခွဲဝေပေးခဲ့ကြောင်း ငလျင်ဆိုင်ရာ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည် ထူထောင်ရေး ကောင်စီ အစည်းအဝေး ပြီးနောက် မီဒီယာများအား အဇစ်က ပြောကြားလိုက်သည်။ ယင်းငွေများကို ငလျင်ဒဏ်ခံရသော အနောက်မြောက် ဖရွန်တီရာ ပြည်နယ်နှင့် ကက်ရှ်မီးယားဒေသများတွင် ငလျင်ကြောင့် သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများအတွက် ထောက်ပံ့ကြေးငွေ ပေးခြင်းနှင့် ပျက်စီးသွားသော အိမ်များ ပြန်လည်ပြုပြင်ရန်အတွက် အရစ်ကျ ငွေထုတ်ပေးခြင်းတို့တွင် အသုံးပြုခဲ့ကြောင်း အဇစ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှားထူးထူးခြားခြား

ကမ္ဘာ့အကြီးဆုံး အိုက်စကရင်ကိတ်မုန့်

ကမ္ဘာပေါ်တွင် အကြီးဆုံးသော အိုက်စကရင်ကိတ်မုန့်ကြီးတစ်ခုကို ပြသထားစဉ်။(ဝဲပုံ)

တရုတ်နိုင်ငံ ပေကျင်းမြို့ အိုက်စကရင်ပြုလုပ်သည့် စက်ရုံတစ်ခုတွင် အလုပ်သမားများက အရှည် ၁၅ဒသမ ၇ပေ၊ အကျယ် ၉ဒသမ ၈ပေ၊ အမြင့် ၃ဒသမ ၃ပေနှင့် အလေးချိန် ၈တန်ရှိသော အိုက်စကရင်ကိတ်မုန့်ကြီးတစ်ခုကို ပြုလုပ်ခဲ့ကြသည်။ ၎င်းကိတ်မုန့်ကြီးသည် ကမ္ဘာပေါ်တွင်အကြီးဆုံး အိုက်စကရင်ကိတ်မုန့်ကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

ဇစ်ပိုမီးခြစ်ပုံ မော်တော်ကား

ဇစ်ပိုအမျိုးအစား မီးခြစ်ကြီးတစ်ခု၏ ပုံသဏ္ဌာန်ပြုလုပ်ပြီး မော်တော်ကား၌ ပြသထားစဉ်။(ယာပုံ)

အင်္ဂလန်နိုင်ငံ ဘရက်ဖို့ဒ်မြို့တွင် ကြီးမားသော ဇစ်ပိုမီးခြစ်ကြီးတစ်ခုကို ပြုလုပ်ကာ မော်တော်ယာဉ် တစ်စီးပေါ်၌ တပ်ဆင်ပြီး လာရောက်ကြည့်ရှုသူ ပရိသတ်များအား မီးခြစ် တစ်ချက်ခြစ်တစ်ချက် မီးတောက်ထွက်ရှိပုံကို ပြသခဲ့ကြောင်း သိရသည်။

(အင်တာနက်)

ဝက်ချေးတွင်ပါဝင်သော ဘတ်တီးရီးယားပိုး ရေထဲရှိ သတ္တုများကို သန့်စင်ပေးနိုင်

ဟယ်ဆင်ကီ ဇူလိုင် ၂၄

ဖင်လန်အင်ဂျင်နီယာများသည် ဝက်ချေးမြေသြဇာကို ညစ်ညမ်းနေသော ရေကန်အတွင်းသို့ လောင်းထည့်လိုက်ပြီး နောက်ထပ်သတ္တုမိုင်းတွင်းအဟောင်းထဲသို့ လောင်းထည့်လိုက်သည်။

ဝက်ချေးအရည်ထဲတွင် ပါဝင်သော ဘတ်တီးရီးယားပိုးသည် ရေထဲရှိ သတ္တုများကို သန့်စင်ရှင်းလင်းပစ်လိမ့်မည်ဟု ၎င်းတို့က ပြောကြားသည်။ တစ်ကြိမ်က သွပ်၊ ကြေးနီ၊ ကန့်များ ထုတ်လုပ်သော ကမ်ဂတ်ဂျာဗီသတ္တုမိုင်းတွင်းအနီးရှိ ညစ်ညမ်းသောရေများအတွင်းသို့ အူတိုကမ်ပူ သတ္တုတွင်းကုမ္ပဏီသည် ကုဗမီတာ ၄၅၀ပမာဏရှိ ဝက်ချေးပျော်ရည်ကို စုပုံလောင်းထည့်ခဲ့သည်။

ပေါင်းစပ်ဖွဲ့စည်း

ဝက်ချေးပျော်ရည်တွင်ပါဝင်သော ဘတ်တီးရီးယားပိုးများသည် သတ္တုတွင်းရေများအတွင်းရှိ သတ္တုများနှင့်ပေါင်းစပ်ဖွဲ့စည်းသွားသည်။ ထိုသို့ ပေါင်းစပ်ဖွဲ့စည်းပြီးနောက် ရေအောက်သို့ နစ်မြုပ်သွားလေသည်။ ထို့ကြောင့် မိမိတို့သည် သတ္တုတွင်းရေများကို သန့်စင်ရှင်းလင်းရန်အတွက် ယခုစနစ်ကို အသုံးပြုခဲ့ကြောင်း ယင်းကုမ္ပဏီမှ သတ္တုတူးဖော်ရေး မန်နေဂျာ ဖီရိုက ရိုက်တာသတင်းသို့ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း
အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ထွက်ခွာ

နေပြည်တော် ဇူလိုင် ၂၅

(၃၉)ကြိမ်မြောက် အာဆီယံ အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ Syed Hamid Albar ၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၀၆ ခုနှစ် ဇူလိုင်၂၄ရက်မှ ၂၈ရက်အထိ ကျင်းပမည့် (၃၉)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၊ (၁၃)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ(အေအာရ်အက်ဖ်)၊ အာဆီယံ+၃ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးနှင့် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ အစည်းအဝေးများသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အထက်ပါအစည်းအဝေးများသို့ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်အောင်၊ ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသောင်းထွန်း၊ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွား၊ ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ဦးစီးမှူး(ပထမတန်း)ဒုတိယဗိုလ်မှူးကြီးအုန်းချို၊ ကွာလာလမ်ပူမြို့ မြန်မာသံရုံးမှ သံမှူးကြီး ဦးဝင်းမြင့်၊ အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် ဌာနစုမှူး ဦးဇော်နိုင်ဝင်းတို့ ပါဝင် တက်ရောက်ကြမည်ဖြစ်သည်။ **(သတင်းစဉ်)**

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်း တရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၂၄

ပဲခူးမြို့ ၁၀ မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်း ခုနစ်ရက်တရားစခန်းပွဲများကို ဩဂုတ် ၅ ရက်မှ ၁၃ ရက်အထိ လည်းကောင်း၊ စက်တင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ လည်းကောင်း နှစ်ကြိမ်ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် ဩဂုတ် ၅ ရက်နှင့် စက်တင်ဘာ ၂ ရက်တို့တွင် ညနေအရောက် လာရောက်ကြရန်နှင့် တရားစခန်းတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ရာ ဖုန်း-၂၄၇၅၇၆၊ ၅၂၆၃၀၈ နှင့် ၅၄၀၈၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော် ယုဇနလမ်း လေးလွှာ အမှတ် ၉နေ ဦးမြင့်အောင် ဒေါ်ခိုင်ခိုင်နောင် မိသားစုက အလှူတော်ငွေကျပ် နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း စက်ဆန်းသစ်ဆိပ်တွင် တင်ဒါစနစ်ဖြင့် ရောင်းချမည့် လပ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်
အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့်လပ်ပုံများအား စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇူလိုင် ၂၃ ရက်နံနက်ပိုင်းက အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန ကန်(၃) သစ်ဆိပ်နှင့် ပုဇွန်တောင်မြို့နယ် စက်ဆန်းသစ်ဆိပ်သို့ရောက်ရှိပြီး အပြည်ပြည်ဆိုင်ရာ တင်ဒါရောင်းချမည့် လပ်ပုံများအား အဆင့်အတန်း ခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၄)ရှိ Asia Wood ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံသို့ သွားရောက်ပြီး နိုင်ငံခြားသို့တင်ပို့ရန် ဆောက်လုပ်ထားသော အိမ်ပုံစံကို ကြည့်ရှုစစ်ဆေးပြီး နိုင်ငံခြားသို့ တင်ပို့မည့် ပရိဘောဂပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ပရိဘောဂပစ္စည်းများ ထုတ်လုပ်နေမှု၊ လွှသွေးခန်းနှင့် သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်ကို စက်ရုံ၏ ရှင်းလင်းဆောင်တွင် မန်နေဂျင်း ဒါရိုက်တာ ဒေါ်သန်းသန်းမြင့်က ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိလာသည့် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာ ပရိဘောဂပစ္စည်းများကို စင်ကာပူ၊ မလေးရှား၊ တရုတ်၊ ဂျပန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း သိရှိရသည်။

တင်ပို့ရောင်းချ

ဆက်လက်ပြီး ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာမြို့နယ် စက်မှုဇုန် အမှတ်(၅)ရှိ United Wood Industries ကုမ္ပဏီလီမိတက် သစ်အချောထည်စက်ရုံသို့ သွားရောက်ပြီး သစ်ခွဲစိတ် လည်ပတ်ပုံအဆင့်ဆင့်၊ လွှသွေးစက်ခန်း၊ ပရိဘောဂပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်တပ်ဆင်နေမှု၊ နိုင်ငံခြားတင်ပို့မည့် ပရိဘောဂများ ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါစက်ရုံမှ ထွက်ရှိလာသည့် ဥယျာဉ်သုံး ပရိဘောဂများ၊ ရေချိုးခန်းသုံး ပရိဘောဂများနှင့် ကြမ်းခင်းအမျိုးမျိုးတို့ကို ဘယ်လ်ဂျီယံ၊ ဟော်လန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် အီတလီနိုင်ငံများသို့ တင်ပို့ရောင်းချနေကြောင်း သိရှိရသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် အလုံမြို့နယ် မြန်မာ့သစ်လုပ်ငန်းရုံးချုပ် အစည်းအဝေးခန်းမတွင် ဗိုလ်တထောင်မြို့နယ်နှင့် သာကေတမြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များကို တွေ့ဆုံပြီး အမှုဆောင်များ၏ နယ်မြေစည်းရုံးရေးအခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်သတင်းနှင့် ဓာတ်ပုံ
ပေါက်ကွဲအုံ့ဆဲဆဲ စူးစူးရှရှတောက်ပသည့်ကြယ် နက္ခတ္တဗေဒပညာရှင်များ ရိပ်ခနဲမြင်တွေ့ရ

ပေါက်ကွဲရန် စူးစူးရှရှတောက်ပနေသည့် ကြယ်တစ်လုံးကို ပေါက်ကွဲအုံ့ဆဲဆဲတွင် နိုင်ငံတကာ နက္ခတ္တဗေဒပညာရှင်များက ရိပ်ခနဲမြင်တွေ့လိုက်ရသည်။ (အောက်ပုံ)

ပိုလင်းလာ

လွန်ခဲ့သည့် ဖေဖော်ဝါရီလအတွင်းက ထိုကြယ် ရုတ်တရက်လင်းလက်လာသည်။ အလင်းရောင်မှာ သာမန်အချိန်များထက် အဆ ၁၀၀၀ မက ပိုလင်းလာသည်ဆို၏။ ထိုအကြောင်းကို သိပ္ပံပညာရှင်များက "သဘာဝ" ဂျာနယ်တွင် ရေးသားထားသည်။

ယင်းမှာ နေ၏အလင်းရောင်ကဲ့သို့ပင် လင်းသည့်ပုံမှန်ထက် အဆပေါင်း ငါးဘီလီယံရောင်ခြည်ဖြာသည့် အုံ့ဖွယ်ဖြစ်ရပ်များ စကြဝဠာအစုအဝေးတွင် ဖြစ်တတ်သည့် သဘာဝမှ ဖြစ်ရပ်တစ်ခုဖြစ်သည်။

မှေးမှိန်သွား

ယင်းကြယ်များမှာ လွန်စွာလင်းလက်သည့်အတွက် စကြဝဠာကိုပင်ဖြတ်ကျော်၍ မြင်နိုင်ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ကမ္ဘာမြေမှ အထင်အရှားမြင်ရပြီး အလှမ်းကွာဝေးလွန်းသည့်အတွက် မှေးမှိန်သွားပြန်သည်။

ဤအဖြစ်မျိုးမှာ ကြုံခဲ့သည်။ နောက်ဆုံးအဖြစ် ၁၅၇၂ ခုနှစ်က ဒိန်းမတ် နက္ခတ္တဗေဒပညာရှင် ထိုက်ချိုဘရာဟေ မြင်တွေ့ခဲ့ဖူးသည်။

(ကိုးကား-အင်တာနက်)



ပြည်ထောင်စုမြန်မာနိုင်ငံစီးပွားရေးဦးပိုင်လီမိတက်
ကျောက်မျက်နှင့်ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ဩဂုတ်၂၈ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ကျင်းပမည်ဖြစ်ပြီး ဩဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ ကျောက်များကို ကြည့်ရှုစစ်ဆေးခြင်း၊ ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁ ရက်အထိ Bargain and Auction စနစ်များဖြင့် ရောင်းချခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ဝယ်ယူလိုသူများသည် ဩဂုတ် ၂၆ ရက်မှစတင်၍ သတ်မှတ် မှတ်ပုံတင်ကြေးနှင့်အတူ မှတ်ပုံတင်စာရင်းပေးသွင်းနိုင်ပြီး ပုဂ္ဂလိက ကျောက်မျက်၊ ကျောက်စိမ်းလုပ်ငန်းရှင်များကလည်း မိမိရောင်းချလိုသည့် ကျောက်မျက်၊ ကျောက်စိမ်းနှင့် အချောထည်လက်ဝတ်ရတနာများကို ဩဂုတ် ၁ ရက်မှ ၁၆ ရက်အတွင်း လာရောက်အပ်နှံနိုင်ကြောင်း သိရှိရသည်။

ရောင်းချရန်တင်သည့် ရတနာပစ္စည်း၏ တန်ဖိုးပေါ်တွင် ဝ ဒသမ ၄ ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် လည်းကောင်း၊ ရောင်းချရပါက ရောင်းချရရှိငွေ (နိုင်ငံခြားငွေဖြစ်ပါက တစ်ရာခိုင်နှုန်း၊ မြန်မာကျပ်ငွေဖြစ်ပါက သုံးရာခိုင်နှုန်း)ကို ကော်မရှင်ခအဖြစ်လည်းကောင်း မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်သို့ ပေးဆောင်ရမည်ဖြစ်ပြီး ရတနာခွန်ပေးဆောင်ခြင်းနှင့်ပတ်သက်၍ သတ္တုတွင်းဝန်ကြီးဌာနက ထုတ်ပြန်ထားသော မြန်မာ့ကျောက်မျက်ရတနာဥပဒေ၊ နည်းဥပဒေများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

အသေးစိတ် မေးမြန်းစုံစမ်းလိုသူများသည် မြန်မာရူဘီအင်တာပရိုက်(စ်)(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက် အမှတ်၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၅၃၊ ၃၇၀၅၆၁ နှင့် မြန်မာအင်ပီရီရယ်(လ်)ဂျိတ်(ကျောက်မျက်ရတနာ)ကုမ္ပဏီလီမိတက် အမှတ်၂၄/၂၆ (ယခင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အဆောက်အအုံ) ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၀၂၇၊ ၃၇၀၅၆၄ တို့သို့ ရုံးချိန်အတွင်း လာရောက်ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၇-၂၀၀၆ ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၁၀ ၆။ အကပြိုင်ပွဲ
- ၈:၂၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ **"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)
- ၁၇:၃၀ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ အတီးပြိုင်ပွဲ
- ၁၈:၄၅ ၁၂။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဇူလိုင်နံနက်ခင်း"** (အပိုင်း-၁၂)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သူ့အိပ်မက်လှလှ"** (အပိုင်း-၁၄)

● *ကျောဖုံးမှ*

မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါလျက် ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် မတူပီမြို့ရှိ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေးအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေသိန်းနှင့် ချင်းပြည်နယ် တွဲဖက်လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေတို့က မတူပီမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများဖြစ်သည့် ကွန်ပျူတာခန်း၊ အင်္ဂလိပ်ဘာသာစကား လေ့ကျင့်ခန်း၊ Audio Visual Roomနှင့် အိမ်တွင်းမှုလက်မှု ပန်းချီပြခန်း၊ ဘုရားခန်း၊ သိပ္ပံခန်း၊ စာကြည့်ခန်းတို့၌ ကျောင်းသား ကျောင်းသူများ လက်တွေ့ပညာ ဆည်းပူးနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးရာ ကျောင်းအုပ်ဆရာကြီး ဦးဝါရစ်က လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ကျောင်းခန်းမ၌ ဒုတိယပိုင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသားကျောင်းသူများက 'မြန်မာ့ကျောင်း' သီချင်းကိုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်း၏ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများအတွက် အလှူရှင် ဦးလျှန်ထန်းက ငွေကျပ် ၃၀၀၀၀၀ ကို တွဲဖက် လက်ထောက်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းအတွက် စာရေးကိရိယာနှင့် အားကစားပစ္စည်းများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ ကျောင်းအတွက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပရင်တာတစ်လုံးနှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကွန်ပျူတာ နှစ်စုံကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြသည်။

ဝိုင်းဝန်းကြိုးပမ်း

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျောင်းအုပ်ဆရာကြီးနှင့် ပညာရေးဝန်ထမ်းများအား ပညာရည်မြင့်မားရေး အထောက်အကူပြုစာသင်ခန်းများ ရေရှည်အသုံးပြုသွားနိုင်ရန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ ကျောင်းသား ကျောင်းသူများအား လက်တွေ့ကိုင်တွယ်အသုံးပြုနိုင်အောင် စီစဉ်သင်ကြားပေးရေး၊ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့် ကျောင်းသားမိဘ ဒေသခံပြည်သူများ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး အမှတ်(၁) စက်မှုဝန်ကြီးဌာန၏ ဝင်းသူဇာ အရောင်းဆိုင်ကို ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ပြင်ပလူနာဌာန အမျိုးသမီးလူနာဆောင်၊ အမျိုးသားလူနာဆောင်များကို ကြည့်ရှုကာ ဆေးရုံတက်လူနာများအား နှုတ်ဆက်အားပေးကာ ထောက်ပံ့ငွေများပေးအပ်ပြီး ဆေးရုံတွင်း၌ ဓာတ်မှန်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

စီးပွားဖြစ်စိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဆေးရုံဝင်း အတွင်း စိုက်ပျိုးထားရှိသော လက်ဖက် ၃ ဒသမ ၅ ဧကကို ကြည့်ရှု စစ်ဆေးပြီး လက်ဖက်ပင်များ စီးပွားဖြစ်စိုက်ပျိုးသွားရေး တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေးပြီး မှာကြားရာတွင် မိမိအနေဖြင့် မင်းတပ်–မတူပီလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးရင်း ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံပေးရန်ဖြစ်ကြောင်း။

✻ ကျောဖုံးမှ

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်နှင့် သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဂွမ်မူး လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသား မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စပါးစိုက်ပျိုးမှုအလေးထား

အထူးသဖြင့် ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်လာစေရန် ဌာနဆိုင်ရာများ အပါအဝင် အားလုံးက ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ဒေသဝမ်းစာဖူလုံမှုရရှိအောင် စပါးစိုက်ပျိုးမှုကို အလေးထားတိုးချဲ့သွားရန် လိုကြောင်း၊ လက်ဖက်စိုက်ပျိုးခြင်းကိုလည်း ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ်ဖြစ်ရမည် ဟူသော ဦးတည်ချက်ကို မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ မြေလွတ်များစွာရှိနေသည်ဖြစ်ရာ ခိုစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းကို တစ်ဆက်တည်းလုပ်ဆောင်ရန် ဖြစ်ကြောင်း။

အခွင့်အလမ်းများရရှိ

မတူပီမြို့နယ်အနေဖြင့် ယခုအခါ မင်းတပ်–မတူပီ ကတ္တရာလမ်းကို ဖွင့်လှစ်ပြီးဖြစ်ရာ ဒေသအသီးသီးသို့ ဆက်သွယ်သွားရောက်၍ ကူးသန်းရောင်းဝယ်နိုင်ကြပြီဖြစ်ရာ မိမိတို့၏ ပြည်နယ်ဒေသ ဝမ်းစာဖူလုံရန် ဆန်စပါး တိုးချဲ့စိုက်ပျိုးရေးသာမက နှစ်ရှည်သီးနှံ သရက်၊ တညင်း၊ ပိန္နဲစသည်တို့ကိုပါ စိုက်ပျိုး၍ စီးပွားဖြစ်ဆောင်ရွက်နိုင်ခွင့် အခွင့်အလမ်းများ ရရှိလာကြပြီဖြစ်ကြောင်း။

ဌာနဆိုင်ရာ ဝန်ထမ်းများသည် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့်တာဝန်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်၏ဦးတည်ချက် ဖြစ်သော လက်ဖက်ပြည်နယ်ဖြစ်ရေးကို အလေးထား၍ မိမိတို့၏ရုံးဌာန မြေလွတ်မြေလပ်များတွင် လက်ဖက်ပင်များကို စံမှုနာပြစိုက်ပျိုးကြရန် မှာကြားကြောင်း။

တက်ညီလက်ညီကြိုးပမ်း

အထူးသဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က ပြည်နယ်ကျန်းမာရေးအတွက် ဆေးဝါးနှင့် ခွဲစိတ်ခန်းသုံးပစ္စည်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရဲအုပ်ထံသို့လည်းကောင်း၊ ဒေသခံတိုင်းရင်းသားများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွှန့်စိုးထံသို့ လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လူမှုရေးအသင်းအဖွဲ့များအတွက် ဝတ်စုံ၊ ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကို တာဝန်ရှိသူများအား အသီးသီးထောက်ပံ့ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မတူပီမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း အတွင်း၌ စိုက်ပျိုးထားရှိသော လက်ဖက်ခင်းအား ကြည့်ရှုစစ်ဆေးပြီး မတူပီမြို့ရှိ နယ်မြေခံတပ်ရင်း လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ နယ်မြေခံတပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်ကျော်က ၂၀၀၄–၂၀၀၅ ခုနှစ်မှ ၂၀၀၆–၂၀၀၇ ခုနှစ်အထိ လက်ဖက်ဧက ၁၀၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်မှုနှင့် လက်ဖက်ပင် တစ်သိန်းကျော် ပျိုးထောင်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စံနမူနာပြစိုက်ပျိုး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လက်ဖက်ပင်ကိုလျာထားသတ်မှတ်ထားသော ဧက ၁၀၀ ထက်ကျော်လွန်အောင် စိုက်ပျိုးရန်နှင့် လက်ဖက်ခြောက်စက်ရုံ တည်ပေးမည်ဖြစ်၍ ဒေသခံပြည်သူများပါ အတုယူနိုင်အောင် စံနမူနာပြစိုက်ခင်းအဖြစ် စိုက်ပျိုးသွားကြရန် မှာကြားပြီး နယ်မြေခံတပ်ရင်း၏ လက်ဖက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်၍ သင်တန်းကျောင်း၏ သင်တန်းသားအိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းကျောင်းရှိ တိုင်းရင်းသားလူငယ် သင်တန်းသားများအတွက် အဝတ်အထည်များကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းသုံးဗလာစာအုပ်များနှင့် အားကစားပစ္စည်းများကိုလည်းကောင်း သင်တန်းတာဝန်ခံ ဦးဟုန်းအွမ်ထံ အသီးသီး ထောက်ပံ့ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်း၏ လက်ဖက်ပင် ၂၅၀၀၊ မက်မန်းပင် ၄၀၊ ငှက်ပျောပင် ၁၀၀နှင့် ထောပတ်ပင် ၅၀ စိုက်ခင်းကိုလည်းကောင်း၊ ငါးကြင်းအကောင် ၂၀၀ မွေးမြူရေးငါးကန်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ နယ်စပ်ဒေသအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာအဆောက်အအုံဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းဆောင်၌ အပ်ချုပ်သင်တန်းနှင့် သိုးမွှေးထိုးသင်တန်းများမှ သင်တန်းသူ ၄၀ တို့ လက်တွေ့

စာမျက်နှာ ၁၀ ကော်လံ ၁

အလင်းစခန်းနဲ့ အလင်းလမ်း(၁)

ရဟန်းစည်ဆရာတော်(လွိုင်လင်)

(က)

၇-၇-၂၀၀၆ရက်နေ့ ညရနာရီ။ မြန်မာ့ရုပ်မြင်သံကြား ဖန်သားပြင်ဝယ် နိုင်ငံ့သရဖူဟုဆိုအပ်သည့် ရွှေတိဂုံစေတီတော် ပုံတော်ပြကွက်နှင့်အတူ အချိန်ပြမင်္ဂလာတီးလုံးအပြီး လင်းလက်သော သတင်းတစ်ကွက် ထုတ်လွှင့်ပြသပုံ ကြည့်ရှုကြရ၏။ အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းလာကြသူ အလင်းဘက်တော်သားများအကြောင်း။

(ခ)

"နိုင်ငံတော်အစိုးရ၊ပြည်သူတစ်ရပ်လုံးနှင့် တပ်မတော်၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များနှင့် စေတနာမှန်ကို နားလည်ယုံကြည်လာသည့်အတွက် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး မိန်းစင် ဦးစီးအင်အား ၈၄ဦး သည် ၂၀၀၆ခုနှစ် ဇူလိုင်၆ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြကြောင်း"

သတင်းကြေညာသံနှင့်အတူ ဗီဒီယိုရိုက်ချက်ပြကွက်များ တစ်ကွက်ပြီးတစ်ကွက် ရုပ်သံဖန်သားပြင်မှာ ပေါ်ထွက်လာလျက်ရှိ၏။ လက်နက်ကြီး/ငယ်မျိုးစုံ ကိုင်ဆောင်ကာ တန်းစီရပ်နေကြသော ရာပေါင်းများစွာရှိ လက်နက်ကိုင်များ၏ ရုပ်လွှာများ၊ ၎င်းတို့၏မျှော်လင့်ချက်ဆန္ဒပြည့် မျက်နှာများ၊ အလင်းမျက်ဝန်းများ။

"ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ၌ ၎င်းတို့နှင့်အတူ လက်နက်ကြီးမျိုးစုံ ၂၄ လက်၊ လက်နက်ငယ်မျိုးစုံ ၈၃၄ လက်၊ ကျည်ကတ်မျိုးစုံ ၁၉၉၀၊ ခဲယမ်းမျိုးစုံ တစ်သိန်းငါးသောင်းခုနစ်ထောင့်ကိုးရာခုနစ်ဆယ့်တစ်တောင့် (၁၅၇၉၇၁ တောင့်)၊ လက်ပစ်ဗုံး ၅၅ လုံး၊ မိုင်း ၆၃ လုံး၊ ဆက်သွယ်ရေးစက်ကြီး ၁၅လုံးနှင့် လမ်းလျှောက်စကားပြောစက် ၁၂၀ တို့ကို ယူဆောင်လာကြသည်"

သတင်းဖတ်ကြားသံနားစိုက်ရင်း၊ သတင်းပြကွက်ကို မျက်စိစိုက်ရင်း ရင်တွင်းတလှိုက်လှိုက် ခံစားကြရသူများထဲတွင်

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော်(တောင်ပိုင်း)(SSA-S)(ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ (၇၅၈) တပ်မဟာမှူး မိန်းစင် ဦးစီးအဖွဲ့ဝင်များအား ဤသို့လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။ (သတင်းစဉ်)

(တောင်ပိုင်း၊ မြောက်ပိုင်း၊ အ[...] မျိုးနွယ်အားလုံး၊ ပြည်သူတစ်ရပ်လုံ[...] ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး [...] ဝမ်းသာဖြစ်လျက်ရှိကြသည်"

အလင်းစခန်းသို့ အလင်းလ[...] လာကြသူများနှင့် အလင်းစခန်းမှ[...] တသာကြိုဆိုကြသူ ပြည်သူများ[...] ပါပေ။

သတင်းကြေညာချက်ရော[...] သွားသော်လည်း မပြီးနိုင်၊ မဆုံးနိုင်[...] ကျန်ရစ်ခဲ့သည့် ရလဒ်မှာ တိုက်ရိုက်[...] လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ တော[...] အားရဝမ်းသာ ဖရဏာပီတိများ[...] တစ်နေရာ၊ တစ်မြို့နှင့်တစ်မြို့ချက်[...] တုံ့လှယ်ခဲ့ကြ၏။ နောက်တစ်နေ့[...] ရည်ဆိုင်များ၊ ဈေးများ၊ လူစည်ကား[...]

ယင်းလက်နက်နှင့် လူမျိုးမုန်းတီးရေးကို ဆ[...] အတွင်း ပိုင်းသို့ပြန်လွှတ်ပြီး ဘိန်းစိုက်ခိုင်း၊ ဘိန်းခ[...] ဆက်ကြေး တောင်းခိုင်း၊ ဓားပြတိုက်ခိုင်း၊ လူသတ်ခိုင်[...] ဗုံးထောင်ခိုင်း၊ ချောင်းပစ်ခိုင်း၊ လက်နက်ပြမိုက်ခိုင်း[...] အကယ်၍ တပ်မတော်စစ်ကြောင်းနှင့်ရင်ဆိုင်တွေ[...] ကိုပိုက်လျက်သာ ထွက်ပြေးရလေ့ရှိ၏။ ဤသည် မ[...] သောဒေသအချို့တို့၏ ဖြစ်ရပ်မှန်များပေတည်း။

တိုက်ရိုက်ဆက်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်တို့ရှိ ဒေသခံများကား အခံစားရဆုံး၊ ဝမ်းအသာရဆုံးဖြစ်လျက်ရှိတော့၏။

"မိန်းစင်ဦးစီးအဖွဲ့ဝင်များအား အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးဦးစီးသော တာဝန်ရှိသူများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့အပြင် တိုင်းမှူးက ၎င်းတို့အဖွဲ့ နေထိုင်လုပ်ကိုင်စားသောက်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နယ်မြေသတ်မှတ်ပေးသည့်အပြင် စားဝတ်နေရေးအဆင်ပြေစေရန်အတွက် ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ပေးသည်"

ပြကွက်ကပြောင်းသွား၏။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ခန်းမအတွင်း တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တပ်မဟာ(၇၅၈)မှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ၍ လိုအပ်သည်များ မှာကြားရင်း နိုင်ငံတော်၏ လတ်တလောချီးမြှင့်ငွေကျပ် သိန်း ၃၀၀ ပေးအပ်ပုံများ၊ နှစ်ဦးနှစ်ဖက် နွေးထွေးလက်တို့ သိုင်းယှက်နှုတ်ဆက်ပုံများ။

"ယခုကဲ့သို့ အမြင်မှန်၊ အသိမှန်ဖြင့် အလုံးအရင်းနှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုး တိုးတက်လိုကြသော ရှမ်းပြည်နယ်

ကိုပင် အားရဝမ်းသာပြောဆိုကြရ[...] ရှိုက်မဝ ဖြစ်ကြရကုန်၏။ ဤတို[...] အဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများအ[...] စွာဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသို့[...] ကြရသည်မှာ မပြီးနိုင်၊ မဆုံးနိုင်၊ မ[...] ကုန်ပြီ။

အဘယ့်ကြောင့်ပါနည်း၊ ယ[...] **တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာ[...] စိုးမိုးရေး"**ဟူသော နိုင်ငံတော်၏ [...] တိုက်ရိုက်ကောင်းကျိုးပြုသတင်းဖြစ်[...] စေတနာအောင်ပွဲ၊ မေတ္တာအောင်ပွဲ[...] စခန်းသို့ အလင်းလမ်းမှလျှောက်[...] သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်[...] ဒေသခံပြည်သူများ ကျီးလန့်စာ[...] သတင်းဖြစ်ခြင်းတို့ကြောင့်ပေတ[...]

(ဂ)

ဦးမိန်းစင် ဦးစီးအင်အား ၈၄[...] တို့နှင့်အတူ ဥပဒေဘောင်အတွင်း [...] ကြသည့် သတင်းနှင့်ပတ်သက်၍ [...] တစ်လခန့်အလိုလောက်ဝယ် နိုင်ငံ[...]

ကျေးရွာတစ်ရွာရှိ မိသားစုတစ်စုဝယ် သားနှစ်ဦးရှိလျှင် တစ်ဦးကို လာဆွဲသွား၏။ တစ်ဦးတည်းရှိလျှင် ယင်းတစ်ဦးတည်းကို လာဆွဲသွား၏။ စာမသင်ရ၊ ပညာမသင်ရ၊ အင်အားကို အဓမ္မစုဆောင်း၏။ တစ်ဦးမျှ မရှိလျှင် အစားထိုးငွေ အဓမ္မတောင်းခံ၏။ မပေးမနေရ။ ပြီးလျှင်ဆွဲလာသူ လူငယ်လူရွယ်များကို တောလမ်းတောင်လမ်း လျှို့မြောင်လမ်းများမှ နယ်စပ်အထိခေါ်ဆောင်ကာ စခန်းသွင်းထား၏။ မငတ်ရုံတမယ်ကျွေး၊ မမွဲရုံတမယ်ပေးထား၏။ စာကိုသင်မပေး။ ပညာကိုသင်မပေးချေ။ လုံးဝဆို လုံးဝမှ လုံးဝ အမှောင်ချထားလေ၏။ အမှောင်ထဲမှာ ပေးထားသည်ကတော့ နှစ်ခုသာရှိ၏။ တစ်ခုကလက်နက်ဖြစ်ပြီး ကျန်တစ်ခုက လူမျိုးမုန်းတီးရေးဖြစ်လေ၏။

(တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)ရှိ တိုင်းရင်းသားမျိုးနွယ်အားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်တကွ တပ်မတော်ကပါ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြသည်"

အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းရောက်ရှိလာကြသူများနှင့် အလင်းစခန်းမှ အလင်းပန်းဖြင့် ဝမ်းပန်းတသာကြိုဆိုကြသူ ပြည်သူများ၏ ခံစားချက်ရပ်လွှာများပါပေ။

သတင်းကြေညာချက်ရော၊ သတင်းပြကွက်ပါ ပြီးဆုံးသွားသော်လည်း မပြီးနိုင်၊ မဆုံးနိုင်၊ မသုဉ်းနိုင်၊ မဆိတ်နိုင်ဖြစ်ကျန်ရစ်ခဲ့သည့် ရလဒ်မှာ တိုက်ရိုက်ဆက်စပ်ဒေသများဖြစ်သည့် လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်၊ တောင်ကြီးခရိုင်ဒေသခံတို့၏ အားရဝမ်းသာ ဖရဏာပီတိများပင်ဖြစ်၏။ တစ်နေရာနှင့်တစ်နေရာ၊ တစ်မြို့နှင့်တစ်မြို့ချက်ချင်းဖုန်းဆက်ကာ သတင်းတုံ့လှယ်ခဲ့ကြ၏။ နောက်တစ်နေ့နံနက်၌လည်း လက်ဖက်ရည်ဆိုင်များ၊ ဈေးများ၊ လူစည်ကားရာအရပ်များမှာ ယင်းသတင်း

> **...မုန်းတီးရေးကို ဆင်ယင်ပေးကာ**
> **...န်းစိုက်ခိုင်း၊ ဘိန်းခွန်ကောက်ခိုင်း၊**
> **...တိုက်ခိုင်း၊ လူသတ်ခိုင်း ခိုင်းလေ၏။**
> **... လက်နက်ပြမိုက်ခိုင်း ခိုင်းလေ၏။**
> **...ကြောင်းနှင့်ရင်ဆိုင်တွေ့လျှင် အရှုံး**
> **...လေ့ရှိ၏။ ဤသည် မငြိမ်းချမ်းသေး**
> **...မှန်များပေတည်း။**

ကိုပင် အားရဝမ်းသာပြောဆိုကြရင်း သတင်း၏မှုဒိတာရနံ့ကို ရှိုက်မဝ ဖြစ်ကြရကုန်၏။ ဤတိုက်ရိုက်ဆက်စပ်ဒေသ အပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူများအဖို့ အားရဝမ်းသာလှိုက်လှဲစွာဖြင့် ဖရဏာပီတိ ဂွမ်းဆီထိသို့ တအိအိ တသိမ့်သိမ့်ခံစားကြရသည်မှာ မပြီးနိုင်၊ မဆုံးနိုင်၊ မသုဉ်းနိုင်၊ မဆိတ်နိုင်ကြပါကုန်ပြီ။

အဘယ့်ကြောင့်ပါနည်း၊ ယင်းသတင်းသည် **"နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး"**ဟူသော နိုင်ငံတော်၏ နိုင်ငံရေးဦးတည်ချက်ကို တိုက်ရိုက်ကောင်းကျိုးပြုသတင်းဖြစ်ခြင်း၊ တပ်မတော်အစိုးရ၏ စေတနာအောင်ပွဲ၊ မေတ္တာအောင်ပွဲသတင်းဖြစ်ခြင်း၊ အလင်းစခန်းသို့ အလင်းလမ်းမှလျှောက်လှမ်းလာသူများ၏ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ထုတ်ဖော်ပွဲသတင်းဖြစ်ခြင်း၊ ဒေသခံပြည်သူများ ကျီးလန့်စာစားဘဝမှ လွတ်မြောက်ပွဲသတင်းဖြစ်ခြင်းတို့ကြောင့်ပေတည်း။

(ဂ)

ဦးမိန်းစင် ဦးစီးအင်အား ၈၄၈ ဦး လက်နက်ခဲယမ်းမျိုးစုံတို့နှင့်အတူ ဥပဒေဘောင်အတွင်း အလုံးအရင်းဝင်ရောက်လာကြသည့် သတင်းနှင့်ပတ်သက်၍ ယင်းသတင်းမပေါ်ထွက်မီ တစ်လခန့်အလိုလောက်ဝယ် နိုင်ငံတော်က တည်ဆောက်ပေးသော ကရင်ပြည်နယ် ဘားအံမြို့ အစိုးရကွန်ပျူတာကောလိပ်ဖွင့်ပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ကာ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပုံကို ဆက်စပ်သုံးသပ်ကြည့်သင့်သည်ထင်ပါ၏။ ယင်းအဖွင့် မိန့်ခွန်းသည် အလင်းတရား၏ အလင်းစကားဖြစ်၏။

"လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ၏ ဒဏ်ကြောင့် ဒေသခံပြည်သူများ မလုံခြုံမငြိမ်းချမ်းသည့်ဘဝမှာ ကျီးလန့်စာစားနေခဲ့ရသည်များ၊ အသက်အိုးအိမ် စည်းစိမ်လက်လွတ်ဆုံးရှုံးခဲ့ရသည်များ၊ တရားဥပဒေစိုးမိုးမှုကင်းမဲ့ပြီး အနိုင်ကျင့်မှု၊ အကြမ်းဖက်မှုတို့၏ ဒဏ်ကို ခါးစည်းခံခဲ့ရသည်များ၊ ဆင်းရဲ ဒုက္ခအဖုံဖုံခံစားခဲ့ရသည်များ စသည့်အနိဋ္ဌာရုံမြင်ကွင်းများသာ ပြည့်နှက်နေခဲ့သည်ဆိုတာ ဒေသခံပြည်သူများ အသိဆုံးပင်ဖြစ်ပါကြောင်း။

"အစွန်အဖျားကျသည့် ကျေးရွာဒေသများမှာဆိုလျှင် စာသင်ကျောင်းများလည်း ပျက်စီး၊ ဆူပူသောင်းကျန်းမှုများ၏ကြားမှာ ဒေသခံပြည်သူများ ပြေးလွှားပုန်းအောင်းနေခဲ့ရခြင်းကြောင့် တိုင်းရင်းသားကလေးငယ်များသည်လည်း ကျောင်းတက်စာသင်နိုင်သည့် အခြေအနေမရှိတော့ဘဲ နိုင်ငံတော်အစိုးရက ထူထောင်ပေးထားသည့် ပညာရေးစနစ်တစ်ခုလုံး လုံးဝပျောက်ကွယ်ခဲ့ရသည့်အခြေရောက်ခဲ့ရပါကြောင်း"

ယင်းညွှန်းဆိုချက်သည် သောင်းကျန်းမှုမချုပ်ငြိမ်းသေးသော ကရင်ပြည်နယ်ဒေသအချို့၊ ရှမ်းပြည်နယ်ဒေသအချို့နှင့် ကယားပြည်နယ်ဒေသအချို့တို့မှ ဖြစ်ရပ်မှန်များ၏ ထင်ဟပ်ချက်ဖြစ်၏။ ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ လက်နက်ကိုင်သောင်းကျန်းသူ SSA-S ရွက်ဆစ်အဖွဲ့ ရှိနေသေးသဖြင့် အထက်ပါထင်ဟပ်ချက်အတိုင်းသာ ပုံပေါ်လျက် ရှိနေသေး၏။

ကျေးရွာတစ်ရွာရှိ မိသားစုတစ်စုဝယ် သားနှစ်ဦးရှိလျှင် တစ်ဦးကို လာဆွဲသွား၏။ တစ်ဦးတည်းရှိလျှင် ယင်းတစ်ဦးတည်းကို လာဆွဲသွား၏။ စာမသင်ရ၊ ပညာမသင်ရ၊ အင်အားကို အဓမ္မစုဆောင်း၏။ တစ်ဦးမျှမရှိလျှင် အစားထိုးငွေ အဓမ္မတောင်းခံ၏။ မပေးမနေရ။ ပြီးလျှင် ဆွဲလာသူ လူငယ် လူရွယ်များကို တောလမ်းတောင်လမ်း လျှိုမြောင်လမ်းများမှ နယ်စပ်အထိခေါ်ဆောင်ကာ စခန်းသွင်းထား၏။ မငတ်ရုံတမယ်ကျွေး၊ မမွဲရုံတမယ် ပေးထား၏။ စာကိုသင်မပေး။ ပညာကိုသင်မပေးချေ။ လုံးဝဆို လုံးဝမှ လုံးဝ အမှောင်ချထားလေ၏။ အမှောင်ထဲမှာပေးထားသည်ကတော့ နှစ်ခုသာရှိ၏။ တစ်ခုက လက်နက်ဖြစ်ပြီး ကျန်တစ်ခုက လူမျိုးမုန်းတီးရေးဖြစ်လေ၏။

ယင်းလက်နက်နှင့် လူမျိုးမုန်းတီးရေးကို ဆင်ယင်ပေးကာ အတွင်းပိုင်းသို့ပြန်လွှတ်ပြီး ဘိန်းစိုက်ခိုင်း၊ ဘိန်းခွန်ကောက်ခိုင်း၊ ဓားပြတိုက်ခိုင်း၊ လူသတ်ခိုင်း ခိုင်းလေ၏။ ဗုံးထောင်ခိုင်း၊ ချောင်းပစ်ခိုင်း၊ လက်နက်ပြမိုက်ခိုင်း ခိုင်းလေ၏။ အကယ်၍ တပ်မတော်စစ်ကြောင်းနှင့် ရင်ဆိုင်တွေ့လျှင် အရှုံးကိုပိုက်လျက်သာ ထွက်ပြေးရလေ့ရှိ၏။ ဤသည် မငြိမ်းချမ်းသေးသော ဒေသအချို့တို့၏ ဖြစ်ရပ်မှန်များပေတည်း။

အောက်လက်ငယ်သားတို့အပေါ် ယင်းကဲ့သို့ စည်းမဲ့၊ ကမ်းမဲ့၊ တရားမဲ့ ခိုင်းချင်သလိုခိုင်းနေသော်လည်း သောင်းကျန်းသူခေါင်းဆောင်ပိုင်းမှာကား တစ်ဖက်နိုင်ငံ၌ စီးပွားရေးလုပ်ငန်းတွေထူထောင်၊ ဘိန်းပွဲစားလုပ်၊ မူးယစ်ဆေးထုတ်လုပ်၊ ရသမျှဖြင့် လောက၏ စည်းစိမ်ဟူသမျှ ဇိမ်ခံ၊ ကိုလိုနီနယ်ချဲ့လက်သစ်အနောက်ဆရာကြီးတွေထံမှာ မျက်နှာချိုသွေးစသည် စသည်တို့ဖြင့်သာအချိန်ကုန်ပြီး တကယ့်တကယ် လူမျိုးကောင်းစားရေး ဘာတစ်ခုမျှ မလုပ်ဆောင်နိုင်။ တကယ့် တကယ် ပြည်နယ်ဖွံ့ဖြိုးရေးဘာတစ်ခုမျှ မလုပ်ဆောင်နိုင်။ လမ်း တစ်ဖာလုံ၊ ကျောင်း တစ်ခန်း၊ တံတား ၁၀ ပေမျှပင် တည်ဆောက်မပေးနိုင်ချေ။ ကာလကြာညောင်း နှစ်ပေါင်း ၄၀ ကျော်လာသော်လည်း ဒေသအတွက်၊ လူမျိုးအတွက်၊ ပြည်နယ်အတွက် ကောင်းကွက်တစ်ကွက်မျှ မဖော်ဆောင်နိုင်ဘဲ အဖျက်အမှောင့်တို့ကိုသာ မိုက်ကန်းစွာ လုပ်ဆောင်လျက်ရှိသည်။

"နှစ်ပရိစ္ဆေဒကြာမြင့်လှပြီဖြစ်သည့် လက်နက်ကိုင် သောင်းကျန်းမှုဒဏ်သည် ပြည်နယ်အတွင်းမှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများအားလုံးကို မလုံခြုံ မငြိမ်းချမ်းမှု၊ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးရမှု၊ အေးချမ်းစွာ ပရိယေသနဝမ်းစာ ရှာဖွေမစားသောက်နိုင်မှု၊ စွမ်းအားရှိသလောက် မဖွံ့ဖြိုးနိုင်မှု စသည့်အနိဋ္ဌာရုံဝဲဩဃထဲမှ ရုန်းမထွက်နိုင်အောင် ချုပ်နှိမ်ထားဆဲပဲ ရှိသေးကြောင်း။

"လက်တွေ့အားဖြင့် မိမိလူမျိုးကိုလည်း အကျိုးမပြု၊ ပြည်နယ်အကျိုးကိုလည်း ထိခိုက်နစ်နာစေလျက်ရှိသည့် လက်နက်ကိုင်လမ်းစဉ်သည် ကာလရှည်ကြာလာသည်နှင့်အမျှ အင်အားချည့်နဲ့လာပြီး မိတ်ဆွေ၊ ရန်သူခွဲခြားနိုင်စွမ်းမရှိတော့ဘဲ အနိုင်အထက်ပြုကျင့်မှု၊ အကြမ်းဖက်မှုများနှင့် ပို၍ ပို၍ ရောထွေးလာနေရပြီး ပြည်တွင်းအားထက် ပြည်ပအပေါ် ပိုမိုမှီခိုနေရ ပြီဆိုသည့် မိမိတို့၏ပကတိအခြေအနေမှန်ကို နားလည်သိရှိသင့်သည့် အချိန်အခါ ရောက်ရှိနေပြီဖြစ်ပါကြောင်း"

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
အစိုးရကွန်ပျူတာကောလိပ်(ဘားအံ)ဖွင့်ပွဲ၊ ၁၀-၆-၂၀၀၆

ယင်းသို့သော ပကတိအခြေအနေမှန်ကို အပြန်ပြန် အလှန်လှန် အဖန်ဖန်အထပ်ထပ် သုံးသပ်ရင်း ကြည်လင်သောအမြင်ဖြင့် အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းရန် ပြင်ဆင်နေကြသူများထဲတွင် ယခု ဦးမိန်းစင် ဦးစီး ၈၄၈ ဦးတို့သည်ကား အလင်းစခန်းသို့ အရောက် အလုံးအရင်းနှင့်ဝင်ရောက်လာနိုင်ကြသူများအဖြစ် အလင်းသမိုင်းသစ် တင်နိုင်ကြလေပြီ။ နိုင်ငံတော်၏ဦးဆောင်မှုအောက်မှာ ဒေသအကျိုး၊ ပြည်နယ်အကျိုး ဆတက်ထမ်းပိုးတိုး၍ တိုး၍ သယ်ပိုးနိုင်ကြပေတော့မည်။

ၚင်းတို့နည်းတူ အလင်းစခန်းသို့ မှန်းကြည့်နေကြသူများ၊ အလင်းလမ်းထိပ်ရောက်နေကြသူများသည်လည်း အခွင့်သာဆဲ ခြေလှမ်းကျဲဖြင့် သဲသဲသွက်သွက်လှမ်း အောင်ပန်းဆွတ်ချူအရယူနိုင်ရေး ပြည်သူအပေါင်းက အားပေးနေကြပါကုန်သတည်း။ ။

အလင်းစခန်း၊ အလင်းလမ်း၊ လျှောက်လှမ်းလာကြပြီ
ဖက်လှဲတကင်း၊ တုံ့လှယ်ရင်း၊ ရင်တွင်းသိမ့်ခါပြီ
ရှမ်းအိုးစည်သံ၊ ဗေထုံညံ၊ နဘံ ဟိန်းဟိန်းမြည်
ဝင်လာမစဲ တသဲသဲ သူလဲလာဦးမည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ရှမ်းပြည်တပ်မတော် (တောင်ပိုင်း) (SSA-S) (ရွက်ဆစ်အဖွဲ့)မှ ဒုစစ်ဦးစီးချုပ်အဆင့်ရှိ တပ်မဟာ(၇၅၈)တပ်မဟာမှူး မိန်းစင်ဦးစီးအင်အား ၈၄၈ ဦး အနက်မှ အဖွဲ့ဝင်အချို့အား လက်နက်မျိုးစုံနှင့်အတူ ဤသို့ တွေ့ရသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

သင်ကြားပေးနေမှုတို့ကို သင်တန်းတာဝန်ခံ ဒေါ်မြရီက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က သင်တန်းသူ ဆရာမများအတွက် ချီးမြှင့်ထောက်ပံ့ငွေများကို သင်တန်းတာဝန်ခံနှင့် ဆရာမများထံ ပေးအပ်သည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မတူပီမြို့ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဆရာတော် ဘဒ္ဒန္တရာဇိန္ဒနှင့် ဆရာတော် သံဃာတော်များအား အလှူတော်ငွေနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း၌ ပညာသင်ယူနေကြသော ကျောင်းသားများအတွက် အထွေထွေအသုံးပြုရန် လှူဒါန်းငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ညှိနှိုင်းဆောင်ရွက်ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မတူပီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်ခွာရီနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ကျောင်း၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ဘုံတလာရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိကြရာရှင်းလင်းဆောင်၌ တည်ဆောက်ရေးစီမံကိန်းတာဝန်ခံ ဗိုလ်မှူးရဲထွန်းက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ပိုမိုကောင်းမွန်အောင်စီစဉ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းလုပ်ငန်းသို့ ဆက်သွယ်သွားလာသောလမ်းကို ပိုမိုကောင်းမွန်အောင် စီစဉ်ဆောင်ရွက်ရေး၊ သတ်မှတ်ထားသောအချိန်အတွင်း လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို မှာကြားပြီး ရေအားလျှပ်စစ်စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘုံတလာရေအားလျှပ်စစ်စီမံကိန်းသည် လည်မျိုမြစ် မြစ်ဖျားခံရာ ဘုံတလာရေတံခွန်မှ ရေကို ရေလွှဲတမံ ကွန်ကရစ်မြောင်း အရှည် ၅၅၅၀ ပေဖြင့် လွှဲယူကာ ရေစစ်ကန် မှတစ်ဆင့် ရေထိန်းကန်အတွင်းသို့ သိုလှောင်ရယူပြီး ဖိအားမြှင့်သံမဏိ ပိုက်လိုင်းအရှည်ပေ ၄၈၀ ဖြင့် ရေအားလျှပ်စစ် ထုတ်ယူမည့် ၂၅၀ ကီလိုဝပ် Francis Turbine (Model HL 160 WJ-42) စက်နှစ်လုံးဖြင့် လျှပ်စစ်ဓာတ်အား ထုတ်ယူမည် ဖြစ်သည်။

ရာနှုန်းပြည့်

ယခုအခါ ရေလွှဲကန်၊ အနည်စစ်ကန်၊ ရေထိန်းကန်နှင့် ဓာတ်အားပေးစက်ရုံတို့မှာ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ပြီး ဖိအားမြှင့်သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း ၇၀ ရာခိုင်နှုန်းပြီးစီးကာ လုပ်ငန်းပမာဏအားလုံး၏ ၈၈ ဒသမ ၁၆ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဘုံတလာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်မှ မတူပီမြို့သို့ ပြန်လည်ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မတူပီမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၏လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ထုတ်လုပ်သောစက္ကူများ အရည်အသွေးမြင့်မားရေး နည်းလမ်းရှာ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးသည် ဇူလိုင် ၂၃ ရက်တွင် မအူပင်မြို့နယ် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၏ မအူပင် စက္ကူစက်ရုံသို့ရောက်ရှိ၍ ပျော့ဖတ်ထုတ်လုပ်သည့်ဌာနနှင့် စက္ကူထုတ်လုပ်မှုဌာန၌ စက္ကူထုတ်လုပ်မှု၊ အခြောက်ခံမှုအဆင့်ဆင့်၊ ထွက်ရှိလာသော စက္ကူလိပ်တို့ကိုလည်းကောင်း၊ အချောကိုင်ဌာန၌ စက္ကူအရည်အသွေးစစ်ဆေးခြင်းလုပ်ငန်း၊ စက္ကူများဖြတ်တောက်ပြီး ထုပ်ပိုးနေမှုလုပ်ငန်း၊ ရုံးသုံးစက္ကူများ၊ မိတ္တူကူး စက်သုံးစက္ကူများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်ဝင် စံချိန်စံညွှန်းကိုက်ညီသည့် စက္ကူများ ထုတ်လုပ်ရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ကျရေး၊ ဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

နည်းလမ်းရှာကြံ

ထို့နောက်ဝန်ကြီးအား ရှင်းလင်းဆောင်၌ စက်ရုံမှူးဦးကိုလေးက စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးဆောင်ရွက်နေမှု၊ စက်ရုံအတွက် ကုန်ကြမ်းများဝယ်ယူသိုလှောင်ထားရှိမှု လျာထားချက်များနှင့်အညီ စက္ကူကုန်ချောထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲဖုန်းမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက စက်စွမ်းအားပြည့်လည်ပတ်နိုင်ရေး၊ စီးပွားရေးတွက်ခြေကိုက်အောင်ဆောင်ရွက်ရေး၊ ထုတ်လုပ်သောစက္ကူများ အရည်အသွေး မြင့်မားသည်ထက်မြင့်မားအောင် နည်းလမ်းများရှာကြံပြီး ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

ပူးပေါင်းဆောင်ရွက်

ယင်းနောက် ဝန်ကြီးသည် တိုင်းစိုက်ပျိုးရေး ညှိနှိုင်းကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များအား မိုးလေဝသအခြေအနေကြောင့် စိုက်ပျိုးပြီး မိုးစပါးများမပျက်စီးအောင် ကြိုတင်ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ပန်းတိုင်အထွက်နှုန်းကျော်လွန်ရရှိရေးနှင့် ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းစဉ်များကိုကွင်းဆင်း၍ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အမျိုးသားသွေးလှူဘဏ်ရုံးခန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် မူဆယ်မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အမျိုးသားသွေးလှူဘဏ်ရုံးခန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်၃ရက်နံနက်၁၀နာရီက ကျင်းပရာ မူဆယ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မူဆယ်ခရိုင်အမျိုးသမီးရေးရာနာယက ဒေါ်စန်းစန်းခိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များတက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အမျိုးသား သွေးလှူဘဏ်ခွဲ ရုံးခန်းအား မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်းက အမှာစကားပြောကြားပြီး အလှူရှင်များက သွေးလှူဘဏ်ခွဲအတွက် ပစ္စည်းနှင့် အလှူငွေများပေးအပ်လှူဒါန်းကာ သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းတင်လွှာများ ပြန်လည်ချီးမြှင့်ပေးပြီး အာဟာရအဖြစ် စားသောက်ဖွယ်ရာများကို မူဆယ်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် မူဆယ်ခရိုင် အမျိုးသမီးရေးရာအဖွဲ့တို့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြု ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

ရန်ကုန် ဇူလိုင် ၂၄

ပဲခူးတိုင်း ထန်းတပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၃ ရက်တွင် ကျရောက်သော မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇူလိုင် ၁ရက်က ထန်းတပင်မြို့ မြို့မဈေးခြံစည်းရိုးပတ်လည်တွင် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏စီစဉ်မှုဖြင့် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၏ အလင်းရောင်စာကြည့်တိုက်တွင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်က အဆိုပါစာကြည့်တိုက်၌ကျင်းပရာ ပြန်/ဆက်ဦးစီးမှူး ဒေါ်ရီရီရှိန် ရှင်းလင်းဆွေးနွေးစဉ်။ (မြို့နယ် ပြန်/ဆက်)

ကမ်းရိုးတန်းဒေသများ၌ မိုးလျော့နည်းမည်

ရန်ကုန် ဇူလိုင် ၂၄

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းတို့၌ နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် အများအားဖြင့် မုတ်သုံလေအားနည်းနေသည်။

ဇူလိုင် ၂၅ ရက် ညနေထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၄

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၁)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဩဂုတ် ၆ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးနှင့်အတူ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များ အသင်းဝင်အမျိုးသမီးများ၏ ဈေးရောင်းပွဲတော်ကိုလည်း နံနက် ၈ နာရီမှ ည ၈ နာရီအထိ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ညစာစားပွဲအတွက် အသင်းဝင်များက ကြိုတင် လက်မှတ်များဝယ်ယူ၍ တက်ရောက်နိုင်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၂၄ရက်၌ မိုးရွာသွန်းလေသမျှ

ရေး	၁ ဒသမ ၇၃ လက်မ
ကျောက်ပန်းတောင်း	၁ ဒသမ ၅၃ လက်မ
ထားဝယ်	၁ ဒသမ ၂၆ လက်မ
ကိုကိုးကျွန်း	၁ ဒသမ ၂၂ လက်မ
အောင်လံ	၀ ဒသမ ၉၄ လက်မ

ရေလမ်းကြောင်းရေစီးရေလာများထပ်မံပြုပြင် ကျောက်ကြီးရေကာတန်းများအတွင်း ကျောက်ကြီးများဖြည့်တင်း

ရန်ကုန် ဇူလိုင် ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီက မင်းတပ်မြို့မှ မင်းတပ်–ကံကြီး–ဆောလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး မိုးတွင်းကာလ လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းမှုများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။ ဝန်ကြီးသည် ကျောက်ထု–ဆောလမ်း (ကံကြီး–ဆောလမ်းအပိုင်း)တွင် ၆ မိုင် ၂ ဖာလုံရှိ ချီချောင်းတံတား၊ ၁၅ မိုင် ၁ ဖာလုံရှိ ကျောက်ဆစ်ချောင်းတံတား၊ ၂၃ မိုင် ၁ ဖာလုံရှိ အညာကတင်း တံတားကြီးများ၏ ရေစီးရေလာလမ်းကြောင်းအခြေအနေနှင့် တံတားကြီးများ၏ ကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးရာ ဂန့်ဂေါခရိုင် အင်ဂျင်နီယာမှူးက တံတား၏ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက ရေလမ်းကြောင်း ရေစီးရေလာများကို ထပ်မံပြုပြင်ပေးရန်၊ ရေထိန်းကျောက်စီ နံရံထိပ်မှ ရေလွှဲတန်းများရိုက်ပေးရန်၊ ကျောက်ကြီးရေကာ တန်းများအတွင်း ကျောက်ကြီးများ ထပ်မံဖြည့်ရန်၊ တံတားကာကွယ်တိုင် သဘော်ဦးများ ပြန်လည်ပြုပြင်၍ ကျောက်ကြီးများဖြည့်ရန်၊ ရေစီးလမ်းကြောင်းပိတ်သည့် ချုံအမှိုက်နှင့် သစ်ပင်ကိုင်းများရှင်းရန်တို့ကို တာဝန်ခံအင်ဂျင်နီယာများအား မှာကြားကာ လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ထွက်ခွာခဲ့ရာ ဆောမြို့ မြို့နယ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိကြသည်။

လိုအပ်ချက်များ ဖြည့်ဆည်းပေး

ဆောမြို့ မြို့နယ်အင်ဂျင်နီယာရုံး၌ မင်းတပ်ခရိုင် အင်ဂျင်နီယာမှူး ဦးလှထွန်းဦးက မင်းတပ်–ကန်ပက်လက်လမ်း လက်ရှိအခြေအနေနှင့်ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဝန်ကြီးအား ရှင်းလင်းတင်ပြသည်။ ထို့နောက် ဆောမြို့နယ် အင်ဂျင်နီယာနှင့် မကွေးတိုင်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်တို့က ငဖဲ–စေတုတ္တရာ–ဆော–ထီးလင်း–ဂန့်ဂေါလမ်း အခြေအနေတို့ကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ဝန်ကြီးက လိုအပ်ချက်များဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဆောမြို့မှ ကန်ပက်လက်မြို့သို့ ထွက်ခွာခဲ့ပြီး လမ်းတစ်လျှောက်လမ်း၊ တံတားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ ကန်ပက်လက်မြို့နယ် အင်ဂျင်နီယာရုံးသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိသည်။

မြို့နယ်အင်ဂျင်နီယာရုံး၌ မင်းတပ်ခရိုင် အင်ဂျင်နီယာမှူး ဦးလှထွန်းဦးက ဆိပ်ဖြူ–ဆော– ကန်ပက်လက်လမ်း အခြေအနေနှင့် လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးအောင်တို့က ဟားခါး–ဂန့်ဂေါလမ်း အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဝန်ကြီးအား ရှင်းလင်းတင်ပြရာ ချင်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးငွန်စန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ဆော–ကန်ပက်လက်လမ်းတွင် လမ်းတံတားချဲ့ရန် ကျန်ရှိသည့် ကျောက်ချောလမ်းအပိုင်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်နှင့် ဟားခါး–ဂန့်ဂေါလမ်းကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန်အတွက် ကျောက်များ စတင်စုဆောင်း၍ လိုအပ်သည့်စက်ယာဉ်ယန္တရားများပါ စုဆောင်းလျက်အဆင့်ဆင့်ဆောင်ရွက်နိုင်အောင် စီစဉ်ကြရန်တို့ကို မှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကန်ပက်လက်မြို့မှ မင်းတပ်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် မင်းတပ်မြို့သို့ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇူလိုင် ၂၄

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရန်ကုန်မြို့ သရက်တော ကျောင်းတိုက် သာသနဝံသ ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ကြိုတင်လှူဒါန်းနိုင်

ကျောင်းရှိ ဝါဆိုသံဃာ ၂၅ပါးအတွက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်စသည့် ပစ္စည်းများဖြစ်စေ၊ ဝတ္ထုငွေဖြစ်စေ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင် (ငြိမ်း) ဖုန်း–၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း–၆၅၁၉၄၃၊ ၅၃၉၇၃၈၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း–၆၄၀၈၆၈၊ ၂၄၃၉၉၂ တို့နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်ကြိုတင်လှူဒါန်းနိုင်ကြောင်းနှင့်အလှူနေ့တွင်လည်းကိုယ်တိုင်လှူဒါန်း သင်္ကန်းကပ်နိုင်ပြီး အသင်းဝင်များနှင့် မဝင်ရသေးသူများကိုပါ ဖိတ်ကြားထားကြောင်းသိရသည်။ **(က–ပ)**

ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှန်ပြီး ကျောင်းခေါ်ကြိမ်ပြည့်မီရေး ဆောင်ရွက် သင်ကြားမှုတတ်မြောက်ရေး၊ စစ်ဆေးရေး ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ ခေတ်မီအီလက်ထရွန်နစ် သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားရေးဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)ရှိ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲက အဆိုပါ တက္ကသိုလ်ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး အုန်းမြင့်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာကံဇော်က တက္ကသိုလ်သမိုင်း အကျဉ်း၊ ဖွင့်လှစ်သင်ကြားသော သင်တန်းများ၊ ပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေ၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ ကျောင်းခေါ်ကြိမ် ၇၅ ရာခိုင်နှုန်း ပြည့်မီရေးအတွက် ဆောင်ရွက်ချက်များ၊ ဘာသာရပ်အလိုက် တတ်မြောက်မှု စစ်ဆေးချက်များ၊ သင်ကြားချိန်ဖြည့်စွက်သင်ကြားပေးမှုများ၊ ဆရာ ဆရာမများအရည်အသွေးမြင့်မားရေးအတွက် ဆောင်ရွက်ချက်များ၊ပါရဂူဘွဲ့သင်တန်းသားများ၏ ကျမ်းပြုစုမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက ကျောင်းသား ကျောင်းသူများ စည်းကမ်းကောင်းမွန်ရေး၊ ကျောင်းတက်မှန်ရေးနှင့် ကျောင်းခေါ်ကြိမ် ၇၅ရာခိုင်နှုန်းပြည့်မီရေးအတွက် စနစ်တကျဆောင်ရွက်ရေး၊ သင်ကြားမှု တတ်မြောက်ရေး၊ တတ်မြောက်မှုစစ်ဆေးရေး၊ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာရေး၊ ခေတ်မီ အီလက်ထရွန်နစ် သင်ထောက်ကူ ပစ္စည်းများ အသုံးပြုသင်ကြားရေး၊ ဘာသာရပ်ဆိုင်ရာများကို အင်တာနက်မှ ထုတ်နုတ်လေ့လာရေး၊ နိုင်ငံအကျိုးပြု စာတမ်းများပြုစုရေး၊ ဆွေးနွေးပွဲများထိရောက်ရေး၊ ဆရာဆရာမများအရည်အသွေးမြင့်မားရေး၊ ဌာနအလိုက် ဆောင်ရွက်ချက် မှတ်တမ်းများထားရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် ပဲခူးဒီဂရီကောလိပ်ရှိ ဆရာ ဆရာမများတွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁နာရီ ၄၅မိနစ်တွင် အဆိုပါ ကောလိပ်ဆွေးနွေးပွဲခန်းမ၌ကျင်းပရာ ဝန်ကြီး ဒေါက်တာ ချမ်းငြိမ်းက အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် စာအုပ်စာစဉ်များ အချိန်မီဖြန့်ဝေနိုင်ရေး၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တတ်မြောက်အောင်သင်ယူရေး

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် အဝေးသင်တက္ကသိုလ် ရူပဗေဒ၊ ဓာတုဗေဒနှင့် သတ္တဗေဒအထူးပြု ကျောင်းသားကျောင်းသူများအားတွေ့ဆုံ၍ပညာကိုတတ်မြောက်အောင်သင်ယူရေး၊လက်တွေ့ဘာသာရပ်များ လုပ်ဆောင်ရေး၊ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စာမေးပွဲဖြေဆိုရေးတို့ကို မှာကြားသည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းနှင့် လှည်းကူးပညာရေးကောလိပ်ရှိ ဆရာဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီခွဲက အဆိုပါ ကောလိပ် ကျောင်းအုပ်ကြီးရုံးခန်း၌ ကျင်းပရာ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက သင်ကြားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့် ရန်ကင်းပညာရေးကောလိပ်ရှိ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၃နာရီက အဆိုပါကောလိပ်မြတ်ပညာခန်းမ၌ ကျင်းပကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၂၄

တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာဖွင့်ပွဲကျင်းပ မြို့ပြများနှင့်မခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိနေ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ဟိုပုံးမြို့နယ် နမ့်ခုတ်စံပြကျေးရွာဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ကျင်းပသည်။

နမ့်ခုတ်ကျေးရွာသည် ဟိုပုံးမြို့၏ တောင်ဘက် ၁၃ မိုင်၊ ဟိုပုံးမြို့နှင့် ဆီဆိုင်မြို့သို့ ဆက်သွယ်သော မော်တော်ကားလမ်းပေါ်တွင် တည်ရှိပြီး စံပြကျေးရွာ အင်္ဂါရပ်များနှင့် ညီညွတ်သော ကျေးရွာတစ်ရွာ ဖြစ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နမ့်ခုတ်စံပြကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲတွင် သားဖွားခန်းဖွင့်ပွဲကျင်းပရာ ရှမ်းပြည်နယ် ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင်က သားဖွားခန်းဖွင့်လှစ်နိုင်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်း မျိုးမျိုးအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နမ့်ခုတ်စံပြ ကျေးရွာ မဟာအောင်မြေကေတုမတီ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံ၌ သက်ကြီးပူဇော်ပွဲကို ကျင်းပရာ သက်ကြီးဘိုးဘွား ၂၀ အား ကန်တော့၍ ကန်တော့လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ဦးဆောင်ပြီး စကားဝိုင်းဆွေးနွေးပွဲ ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကား ပြောကြားပြီး ပြည်နယ်အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမြင့်က အမျိုးသမီးရေးရာအကြောင်းကို ဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက လူမှောင်ခိုနှင့် လူကုန်ကူးမှု ပပျောက်ရေး၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး၊ သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရေးတို့ကို ဆွေးနွေးသည်။ ဆက်လက်ပြီး ရှမ်းပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ ဖုံး၊သွန်၊လဲ၊စစ် လက်တွေ့ သရုပ်ပြခြင်းနှင့် ခြင်ထောင်စိမ်ဆေးပြား အသုံးပြုနည်းများကို လက်တွေ့ပြသသည်။

ဆက်လက်၍ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် နမ့်ခုတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူ ၃၀ အား အာဟာရများ ကျွေးမွေးသည်။ ဆက်လက်၍ ကျောင်းခန်းမ၌ ကျင်းပသော ကျောင်းသုံးစာရေးကိရိယာများ ပေးအပ်ပွဲ သို့တက်ရောက်၍ ကျောင်းသား ကျောင်းသူများသို့ ဗလာစာအုပ် ဒါဇင် ၆၀၊ ခဲတံဒါဇင် ၃၀၊ ပေတံ ဒါဇင်၂၀တို့ကို ပေးအပ်သည်။

အခမဲ့ဆေးကုသပေး

ထို့နောက် နမ့်ခုတ်စံပြ ကျေးရွာ ကျေးလက်ကျန်းမာရေး ဌာနတွင် ပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာစိုင်းခမ်းလှိုင် ဦးဆောင်သော ပြည်နယ်အထူးကု ဆရာဝန်ကြီးများ၊ ဆေးကုသနေမှုကို ကြည့်ရှု၍ လိုအပ်သည်များ ကူညီပံ့ပိုးပေးသည်။ ပြည်နယ်အထူးကု ဆရာဝန်ကြီးများအဖွဲ့မှ မျက်စိလူနာ၊ မီးယပ်သားဖွားလူနာ၊ သွားရောဂါ၊ နား၊ နှာခေါင်း၊ လည် ချောင်းရောဂါ စုစုပေါင်း ၃၂၉ ဦးအား အခမဲ့ ဆေးကုသပေးခဲ့သည်။

ဆက်လက်၍ သုတဥယျာဉ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှ လှူဒါန်းသော စာအုပ် ၁၀၀ ကို ပေးအပ်ရာ စာကြည့်တိုက် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သုခက လက်ခံယူသည်။ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါချိုက စာအုပ် ၁၀၀ကို လည်းကောင်း၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး ဦးမောင်လွင်က အလှူငွေကျပ်၁၀၀၀၀ ကိုလည်းကောင်း လှူဒါန်းရာ စာကြည့်တိုက်မှူး ဦးကျော်ထွန်းက လက်ခံယူသည်။

ကတ္တရာလမ်းသစ်ဖွင့်

ထို့နောက် နမ့်ခုတ်ကျေးရွာ စံပယ်ဖြူ ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးထွန်းအောင်နှင့် အလှူရှင် ဦးခွန်စံလွင်–ဒေါ်တင်တင်ဝင်းတို့ ကိုယ်စား ဦးမျိုးဇင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ဝဲပုံ)** ဖွင့်လှစ်လိုက်သော စံပယ်ဖြူ လမ်းသစ်မှာ အရှည် ပေ၅၈၀၊ အကျယ် ၁၂ပေ ဖြစ်ပြီး လှူဒါန်းငွေကျပ် ၁၉ သိန်း ဖြစ်သည်။

အများအပြားစိုက်ပျိုး

နမ့်ခုတ်စံပြကျေးရွာတွင် အိမ်ထောင်စု ၇၇၁စု၊ လူဦးရေစုစုပေါင်း ၃၇၈၆ ဦး နေထိုင်လျက်ရှိရာ ကျေးရွာသောက်သုံးရေအတွက် သဘာဝရေထွက်များမှ လုံလောက်စွာ ဖြန့်ဝေပေးလျက် ရှိသည်။ နမ့်ခုတ်ကျေးရွာတွင် စိုက်ပျိုးမြေ ၃၇၂ ဧကရှိရာ စပါး၊ ပဲပုတ်၊ပြောင်း၊ ကြံ၊ သနပ်ဖက်၊ ပဲအမျိုးမျိုး၊ ဟင်းသီး ဟင်းရွက်တို့ကို အများအပြားစိုက်ပျိုးကြသည်။

နမ့်ခုတ်စံပြကျေးရွာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ စာတိုက်တစ်ခု၊အော်တိုတယ်လီဖုန်းဆက်သွယ်ရေးစခန်းတစ်ခုရှိသဖြင့် အမြို့မြို့အနယ်နယ်သို့ အလွယ်တကူ ဆက်သွယ်နိုင်သည်။ ကျေးရွာ မီးလင်းရေးအတွက် မြန်မာ့လျှပ်စစ်ဓာတ်အားမှ လေးကေဗွီအေစက်တစ်လုံး၊ ကိုယ့်အားကိုယ်ကိုး ရေအားလျှပ်စစ်၂၀ဖြင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးရွာတွင် ရုပ်မြင်သံကြား ဖမ်းစက် ၂၂ခုတို့ဖြင့် ဖမ်းယူကြည့်ရှုနေပြီဖြစ်ရာ နမ့်ခုတ်စံပြ ကျေးရွာသည် မြို့ပြများနှင့် မခြား ဖွံ့ဖြိုးတိုးတက်နေကြောင်း သိရသည်။ **(သတင်းစဉ်)**

25-7 (11).p65 1 1/6/32, 10:12 PM

အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်ထံ မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းမှ လျှပ်စစ်ပန်ကာများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

ကိုရီးယား-မြန်မာချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ Dr. Kim Jung Hoနှင့်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းသို့ လှူဒါန်းခဲ့သည့် လျှပ်စစ်ပန်ကာအလုံး ၆၀ကို မြန်မာ-ကိုရီးယားချစ်ကြည်ရေးအသင်းမှ အားကစားဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၁၁ နာရီက မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဇေကမ္ဘာကုမ္ပဏီလီမိတက်တွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး အသင်းမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် မြန်မာ-ကိုရီးယားချစ်ကြည်ရေး အသင်းမှ လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်ထံ လျှပ်စစ်ပန်ကာများ ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** ယင်းနောက်ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ကျေးဇူးတင်စကားပြောကြားသည်။ **(မြန်မာ့အလင်း)**

ခရစ်ကက်နှင့်ဟော်ကီအားကစားပစ္စည်းများလှူဒါန်း

ရန်ကုန် ဇူလိုင် ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့မွန်းလွဲ၁နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏကျောက်စိမ်းခန်းမတွင်ကျင်းပသည့် အာရှတံခွန်စိုက် ခရစ်ကက်ပြိုင်ပွဲဝင်မည့် မြန်မာ့ခရစ်ကက်လက်ရွေးစင်အသင်းအတွက် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးက ခရစ်ကက်အားကစားပစ္စည်းအစုံ ဒေါ်လာ၁၅၀၀တန်ဖိုးရှိ ပစ္စည်းများလှူဒါန်းသည့် အခမ်းအနားသို့ တက်ရောက်၍ ပစ္စည်းများလက်ခံယူသည်။

အဆိုပါအခမ်းအနားသို့ပါကစ္စတန်နိုင်ငံသံအမတ်ကြီး မစ္စတာ Muhammad Nawaz Chaudhryi၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရစ်ကက် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ ပါကစ္စတန်နိုင်ငံသံအမတ်ကြီးက ခရစ်ကက်အားကစားပစ္စည်းအစုံ ဒေါ်လာ၁၅၀၀တန်ဖိုးရှိ ပစ္စည်းများ လှူဒါန်းရာ ဝန်ကြီးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

လက်ခံ

ထို့နောက် ဝန်ကြီးသည် ကျောက်စိမ်းခန်းမတွင် ဆက်လက်ကျင်းပသည့် ရန်ကုန်-မက္ကာ ခရီးသွားလုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်ဝင်းနှင့် MMM ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းတို့က ရန်ကုန်တိုင်း စစ်ဌာနချုပ်ဟော်ကီအသင်းအတွက် ငွေကျပ်တစ်ဆယ့်သုံးသိန်းခုနစ်သောင်း တန်ဖိုးရှိ ဟော်ကီဂိုးသမားဝတ်စုံနှင့် ဟော်ကီဘောလုံး ၁၀လုံး ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍လက်ခံသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်(ငြိမ်း)နှင့် တာဝန်ရှိသူများနှင့်အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အလှူရှင်များဖြစ်ကြသည့် ဦးတင်ဝင်းနှင့် ဦးကျော်မင်းတို့က ရန်ကုန်တိုင်း စစ်ဌာနချုပ် ဟော်ကီ အသင်းအတွက် ငွေကျပ် တစ်ဆယ့် သုံးသိန်း ခုနစ်သောင်း တန်ဖိုးရှိ ဟော်ကီဂိုးသမား ဝတ်စုံနှင့် ဟော်ကီဘောလုံး ၁၀ လုံး ပေးအပ်လှူဒါန်းရာ ဝန်ကြီးက လက်ခံယူပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(က-ပ)

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၄

၂၀၀၆ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ)တံခွန်စိုက်ဒိုင်းသေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သန်လျင်(တပ်နယ်)ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကျင်းပသည်။

ဖွင့်လှစ်

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးကြီးအေးဖေ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားသို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦး၊ ရေတပ်သင်္ဘောကျင်းဌာနချုပ်မှ ဗိုလ်မှူးချုပ်ဟံစိန်နှင့် ရန်ကုန်တပ်နယ်၊ သန်လျင်တပ်နယ်ရှိ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ကျင်းပ

ပြိုင်ပွဲတွင် အသင်း၁၃သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဇူလိုင်၂၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်းဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များ ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ကြီးမှူးကျင်းပသည့် (၃၇)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံတွင် ဆက်လက်ကျင်းပသည်။

အမျိုးသား(က)အုပ်စုပြိုင်ပွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က မကွေးတိုင်းအသင်းကို ၈၂ မှတ်-၃၇ မှတ် ဖြင့်လည်းကောင်း၊ (ခ)အုပ်စုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ဧရာဝတီတိုင်းကို ၇၁ မှတ်-၃၃ မှတ်ဖြင့်လည်းကောင်း၊ (ဂ)အုပ်စုပြိုင်ပွဲတွင် မန္တလေးတိုင်းက တနင်္သာရီတိုင်းကို ၈၆မှတ်-အမှတ်၂၀ဖြင့် အနိုင်ရရှိပြီး အမျိုးသမီး(က) အုပ်စုပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက တနင်္သာရီတိုင်းကို ၉၉မှတ်-၁၄မှတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းက ဧရာဝတီတိုင်းကို အမှတ် ၈၀-အမှတ်၂၀ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။ **(မြန်မာ့အလင်း)**

အာရှတံခွန်စိုက် ခရစ်ကက်ပြိုင်ပွဲဝင်မည့် မြန်မာခရစ်ကက်လက်ရွေးစင်အသင်းအတွက် ပါကစ္စတန်နိုင်ငံ သံအမတ်ကြီးက လှူဒါန်းသော ခရစ်ကက်ပစ္စည်းအစုံကို တွေ့ရစဉ်။

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၄

မိတ္ထီလာမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း(၁/၂၀၀၆)ကို ဇူလိုင် ၄ရက်မှစတင်၍ အဲဗားဂရင်းခန်းမတွင် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

အဆိုပါသင်တန်းတွင် မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများကို ပို့ချရှင်းလင်းသည်။ သင်တန်းသို့ ရပ်ကွက်နှင့်ကျေးရွာများမှ သင်တန်းသားသင်တန်းသူ ၇၂ ဦး တက်ရောက်ကြပြီး ဇူလိုင် ၈ ရက်က ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရွှေတောင်မြို့နယ်အသင်းဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၄

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ်၆ရက် နံနက်၈နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများအား တက်ရောက်ရန် ဖိတ်ကြားထားကြောင်းနှင့် တစ်ဦးချင်း အနေဖြင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလိုပါက ဦးအောင်မြင့် ဖုန်း-၃၈၄၁၉၀၊ ဦးရဲလှမြတ် ဖုန်း-၀၉-၅၀၁၆၃၈၆၊ ဦးရဲမြင့် ဖုန်း-၀၉-၅၁၃၀၂၄၅ နှင့် ဦးမောင်မောင်စိန် ဖုန်း-၀၉-၅၀၀၄၉၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကမာရွတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲအခမ်းအနားကို ဇူလိုင်၂၀ရက်က အမှတ်(၄)ရပ်ကွက် အမက (၉)ကျောင်း၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးနီ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွယ်နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၇-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ စာပေပညာရှင်များနှင့်တွေ့ဆုံဆွေးနွေးခြင်း(ဆရာဦးသိန်းလွင်)
- ၇:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၇:၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၇:၄၀ တေးဂီတအစီအစဉ်
- ၇:၄၅ နိုင်ငံတကာအနုပညာရေးရာ
- ၈:၀၀ တေးဂီတအစီအစဉ်
- ၈:၀၅ ရေပျော်ငှက်တို့နားခိုရာ
- ၈:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈:၂၀ ရှားပါးသော ရေချိုရေငန်စပ် မိကျောင်းများ (အပိုင်း-၃)
- ၈:၃၀ တေးဂီတအစီအစဉ်
- ၈:၃၅ အသည်းခြောက်ရောဂါနှင့် စိတ်ပိုင်းဆိုင်ရာပြဿနာ (ပါမောက္ခ ဒေါက်တာ ခင်မောင်ဝင်း)
- ၈:၅၅ တေးဂီတအစီအစဉ်
- ၉:၀၀ မိုးလေဝသခန့်မှန်းချက်
- ၉:၀၅ Sunday Talk
- ၉:၅၅ ဝါသနာရှင်စင်မြင့်
- ၁၀:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၅၀ Music Gallery (ယင်းမာ-ကလေးသီချင်းများ)
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၁၀ ရန်ကုန်-ကျောက်ဖြူလမ်းမကြီး ဖွင့်ပွဲ (အပိုင်း-၁)
- ၁၁:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁:၂၅ တေးဂီတအစီအစဉ်
- ၁၁:၃၀ IT နည်းပညာနှင့် နက္ခတ်ဗေဒပညာပူးပေါင်းဆောင်ရွက်မှုအကြောင်း (အပိုင်း-၁)
- ၁၂:၀၀ MRTV -4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဇူလိုင်၂၄ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်လျက် မိုးရာသီသွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် မင်္ဂလာတောင်ညွန့်မြို့နယ် လွတ်လပ်ရေးရပ်ကွက်ရှိ အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း အတွင်းအပြင် ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များ

ကမ္ဘာ့ဖလားဘောလုံးပွဲ နောက်ဆက်တွဲသတင်းများနှင့် အခြားဘောလုံးသတင်းများကို မြန်မာ့အလင်း ဘောလုံးပရိသတ်ကြီးအတွက် စုစည်းဖော်ပြလိုက်ပါသည်။

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ

အင်္ဂလန်အသင်းလက်ရွေးစင်အဖြစ် မရွေးခဲ့သည့်အတွက် ဒါရင်ဘင့် မကျေနပ်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် မိမိအားမရွေးချယ်ဘဲ ချန်လှပ်ထားခဲ့သည့်အတွက် ပရီမီယာလိဂ် ချာလ်တန်အသင်းမှ တိုက်စစ်မှူး ဒါရင်ဘင့်**(အောက်ပုံ)**က မကျေနပ်ကြောင်း ဖွင့်ဟ ပြောကြားလိုက်သည်။

အင်္ဂလန်နည်းပြ အဲရစ်ဆင်သည် အင်္ဂလန်အသင်းအတွက် ကစားသမား ၂၃ဦးကို ရွေးချယ်ခဲ့ရာတွင် မိမိကို ချန်လှပ်ခဲ့ကြောင်း၊ ပြီးခဲ့သည့် ပရီမီယာလိဂ် ဘောလုံးရာသီတွင် မိမိခြေစွမ်းပြ ကစားနိုင်ခဲ့ကြောင်း ဒါရင်ဘင့်က ပြောကြားသည်။



အဲရစ်ဆင်ရွေးချယ်ခဲ့သည့် အင်္ဂလန်တိုက်စစ်မှူးများသည် အသင်းအတွက် ထိရောက်သော ပံ့ပိုးမှုများ မပြုလုပ်နိုင်ခဲ့ကြောင်း၊ မိုက်ကယ်အိုဝင်၊ ရွန်နေနှင့် ဝေါကော့တ်တို့သည် ကမ္ဘာ့ဖလားဘောလုံးပွဲစဉ်အတွင်း ကံမကောင်းခဲ့ကြကြောင်း ၎င်းက ထောက်ပြဝေဖန်ခဲ့သည်။

ဘရာဇီးတိုက်စစ်မှူး အက်ဒရီယာနို အင်တာမီလန်၌ ဆက်နေမည်

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကွာတားဖိုင်နယ်မှပင်ထွက်ခဲ့ရသော ဘရာဇီးအသင်းမှ တိုက်စစ်မှူး အက်ဒရီယာနိုသည် လက်ရှိကစားနေသော အင်တာမီလန် ကလပ်၌ပင် ဆက်လက်ကစားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အင်တာမီလန်၌ ဆက်ကစားသွားမည့် အက်ဒရီယာနို။ (ဓာတ်ပုံ-အင်တာနက်)



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး အက်ဒရီယာနိုသည် ပြီးခဲ့သည့် စီးရီးအေဘောလုံးရာသီတွင် ဘောလုံးကစားရာ၌ ပျော်ရွှင်မှုမရှိခဲ့သော်လည်း ယခုနှစ်တွင်အင်တာမီလန်၌ပင် ဆက်လက်ကစားမည်ဖြစ်သည်။

အသင်းဥက္ကဋ္ဌနှင့် ပရိသတ်များ၏ ဆန္ဒကြောင့် မိမိ အင်တာမီလန်၌ပင် ဆက်လက်ကစားမည်ဖြစ်ကြောင်း၊ အင်တာမီလန်ကိုအောင်မြင်မှုများရရှိအောင် ကြိုးစားပေးသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အက်ဒရီယာနိုသည် ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြင်သစ်နှင့်ကစားခဲ့ရသော ပွဲစဉ်၌ ပါဝင်မှုမရှိခြင်းနှင့် ပတ်သက်၍ မိမိ အနေဖြင့် ပါဝင်ကစားခဲ့ချင်ကြောင်း ပြင်သစ်နှင့်ကစားရန် အခွင့်အရေးမရခဲ့ကြောင်း၊ သို့ရာတွင် နည်းပြရွေးချယ်ဆုံးဖြတ်မှုကို မိမိလေးစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အလွန်ဆို ရီးရဲလ်မက်ဒရစ် ပြောင်းမည်

၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် စပိန်အသင်းမှ ကွင်းလယ်ကစားသမား အလွန်ဆိုမှာ ရီးရဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားတော့မည်ဖြစ်ကြောင်း သိရသည်။

အလွန်ဆိုသည် လက်ရှိတွင် လီဗာပူးအသင်း၌ ကစားနေသူဖြစ်ပြီး ယခုအခါ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ကြိုးစားနေမှုအပေါ် နည်းပြဘင်နီတက်ဇ်က အရေးစိုက်မှုမပြုဘဲ ရှိနေသည်။

လီဗာပူးမှ ရီးရဲလ်မက်ဒရစ်သို့ ပြောင်းကစားမည့် အလွန်ဆို။ (ဓာတ်ပုံ-အင်တာနက်)

မိမိတို့အနေဖြင့်တစ်စုံတစ်ရာ တရားဝင် အကြောင်းကြားမှုမရသေးကြောင်း၊ အလွန်ဆိုကို ရောင်းထုတ်ရန် ဆန္ဒမရှိကြောင်း၊ လီဗာပူးတွင် အလွန်ဆို ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ဘင်နီတက်ဇ်က ပြောကြားသည်။

ဘင်နီတက်ဇ်အနေဖြင့် အသက် ၂၄နှစ် အရွယ်ရှိ အလွန်ဆိုကို အသင်း၌ဆက်လက်ရှိနေစေချင်ပြီး အခြားလူသစ်ကစားသမားများကိုလည်း လေ့လာကြည့်ရှုလျက်ရှိသည်။ လီဗာပူးသည် ဘယ်လာမီ၊ ဖာဘီရိုနှင့် ဂွန်ဇာလက်ဇ်တို့အားစာချုပ်ချုပ်ဆိုနိုင်ရေး ကြိုးစားလျက်ရှိသည်။

အာဆင်နယ်၏ အီမရိတ်စ်ကွင်းသစ်ကြီးဖွင့်

အာဆင်နယ်အသင်း၏ ကွင်းသစ်ကြီးဖြစ်သော အီမရိတ်စ် ဖွင့်ပွဲအခမ်းအနားနှင့် ဘားကမ့်မ်၏ ဘောလုံးသမားဘဝ နောက်ဆုံးနှုတ်ဆက်ပွဲအဖြစ် အာဆင်နယ်နှင့် အေဂျက်ဇ်တို့ တနင်္ဂနွေနေ့ နံနက်က ယှဉ်ပြိုင်ကစားရာ အာဆင်နယ်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အာဆင်နယ်ကို နှုတ်ဆက် ထွက်သွားသည့် ဒင်းနစ်ဘားကမ့်မ်။ (ဓာတ်ပုံ-အင်တာနက်)

အေဂျက်ဇ်အသင်းသည် ဒင်းနစ်ဘားကမ့်မ် ပထမဆုံး ကစားခဲ့သည့် ကလပ်အသင်း ဖြစ်သည်။ ထိုနေ့ပွဲတွင် အာဆင်နယ်ဘောလုံးသမားဟောင်းများဖြစ်ကြသော အီယန်ရိုက်၊ အီမြူရယ်ပီတစ်၊ ပက်ထရစ်ဗီအာရာနှင့် မာ့ခ်အိုဗားမားစ်တို့လည်း ပါဝင်ကစားခဲ့ကြသည်။ ။ **(အင်တာနက်)**

ကမ္ဘာ့တစ်လွှား အားကစား

နစ္စတယ်ရွိုင်း မန်ယူအသင်းမှ ထွက်ခွာရေး မန်ယူနှင့်ဘိုင်ယန်မြူးနစ် ဆွေးနွေးနေပြီ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ဘိုင်ယန်မြူးနစ် ဇူလိုင် ၂၄

မန်ချက်စတာယူနိုက်တက် တိုက်စစ်မှူးနစ္စတယ်ရွိုင်းအား ခေါ်ယူရေးအတွက် ဘိုင်ယန်မြူးနစ်က စတင်ဆွေးနွေးပြီဖြစ်ကြောင်း အမှုဆောင်ချုပ် ကာလ်ဟိန့်ဇ်ရမ်မီနစ်ဂျေးက ပြောကြားလိုက်သည်။

လာမည့်ရာသီတွင် ဘိုင်ယန်မြူးနစ်၌ ကစားလိုကြောင်း မိမိတို့အား နစ္စတယ်ရွိုင်းက ပြောထားပြီးဖြစ်ကြောင်း အဆိုပါ အမှုဆောင်ချုပ်က ပြောကြားခဲ့သည်။

ဆွေးနွေးပြီး

မိမိတို့သည် ပြောင်းရွှေ့ကြေးကိစ္စကို နစ္စတယ်ရွိုင်းနှင့် မန်ယူတို့ ဆွေးနွေးပြီးဖြစ်ကြောင်း၊ မန်ယူက ဆုံးဖြတ်ချက်ချရန်သာလိုတော့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

လိုလား

မန်ယူမန်နေဂျာ အလက်ဇ်ဖာဂူဆန်ကလည်း အသက် ၃၀ အရွယ်ရှိ နစ္စတယ်ရွိုင်း မန်ယူမှ ထွက်ခွာခြင်းကို လိုလားကြောင်း ပြောကြားခဲ့သည်။

နယ်သာလန်တိုက်စစ်မှူးနစ္စတယ်ရွိုင်းအား ၂၀၀၅ခုနှစ် မေလမှစပြီး ရီးရဲလ်မက်ဒရစ်အသင်းက ခေါ်ယူရေးအတွက် သုံးကြိမ်သုံးခါ ကြိုးစားခဲ့သော်လည်း ဖာဂူဆန်က ငြင်းဆိုခဲ့သည်။

မန်ချက်စတာယူ နိုက် တက် တိုက် စစ် မှူး န စ္စ တယ် ရွိုင်း ဘိုင်ယန်မြူးနစ် သို့ရောက်တော့မည်လော။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူမှထွက်ခွာလို

မန်ယူနှင့် အာဆင်နယ်တို့ ပြီးခဲ့သည့်နှစ်က အက်ဖ်အေဖလား ဖိုလ်လုပွဲမတိုင်မီကပင် နစ္စတယ်ရွိုင်းက ၎င်း၏အေးဂျင့်မှတစ်ဆင့် မန်ယူမှထွက်လိုကြောင်း ပြောကြားထားခဲ့သည်။ ယခုတစ်ဖန် ၎င်းကိုယ်တိုင် စာရေး၍ မန်ယူမှထွက်ခွာလိုကြောင်း ပြောကြားလာသည်ဟု ဖာဂူဆန်က ပြောကြားသည်။

ထွက်ခွာလို

၎င်း၏ထွက်ခွာလိုသော ဆန္ဒကြောင့် မန်ယူကဆွဲထားမှာ မဟုတ်ကြောင်းလည်း ၎င်းက ဆိုသည်။ သူဘာကြောင့် မန်ယူမှ ထွက်ခွာလိုသည်ကို မသိကြောင်း၊ သို့ရာတွင် ၎င်း၏ဆန္ဒကို မိမိတို့လက်ခံထားပြီဖြစ်ကြောင်း ဖာဂူဆန်က ပြောကြားသည်။ ။

(အင်တာနက်)

ရွန်နေပိုင် ဆုတံဆိပ်နှင့်အင်္ကျီများ အခိုးခံရ



အမှတ်တရပစ္စည်းများ အခိုးခံရသည့် ရွန်နေ။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဇူလိုင် ၂၄

အင်္ဂလန်ဘောလုံးကြယ်ပွင့် ဝိန်းရွန်နေ ပိုင်ဆိုင်သော ဘောလုံးအမှတ်တရပစ္စည်းများနှင့် ဆုတံဆိပ်များသည် လီဗာပူးရှိ ၎င်း၏မိဘများနေအိမ်၌ အခိုးခံရကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ အခိုးခံရသော ပစ္စည်းများတွင် ၂၀၀၆ ကမ္ဘာ့ဖလားအင်္ကျီနှင့် ၎င်း၏လူငယ်အားကစား ဆုတံဆိပ်တို့ ပါဝင်သည်ဟုဆိုသည်။ ယင်းပစ္စည်းများသည် ဝက်စ်ဒါဘီရှိ အင်ဖီးလ်ပတ်ခ် နေအိမ်မှ ပျောက်သွားခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

ရွန်နေသည် အဲဗာတန်၌ ရှိနေစဉ် ၂၀၀၂ခုနှစ်က လူငယ်အကောင်းဆုံးဆုဆွတ်ခူးခဲ့ရာ ယင်းဆုတံဆိပ်လည်း အခိုးခံရရာတွင် ပါသွားသည်ဟု ဆိုသည်။

အခိုးခံရသော ပစ္စည်းများတွင် လက်ဝတ်ရတနာအချို့နှင့် အက်ဖ်အေဖလား ဖိုလ်လုပွဲ တီရှပ်အင်္ကျီလည်း ပါဝင်ကြောင်း သိရသည်။ **(အင်တာနက်)**

ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ၏ ချန်ပီယံလန်းဒစ်

ပါရီ ဇူလိုင် ၂၄

၂၀၀၆ ပြင်သစ်ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် ချန်ပီယံသစ်အဖြစ် မည်သူဖြစ်လာမည်လဲဆိုသည်ကို ကမ္ဘာတစ်ဝန်းလုံးမှ စက်ဘီးစီးအားကစားဝါသနာရှင်များက စိတ်ဝင်စားလျက်ရှိသည်။

ယမန်နှစ်က အမေရိကန်မှ လန်းစ်အမ်စထရောင်းသည် အဆိုပါ ခရီးရှည်စက်ဘီးစီး အားကစားပြိုင်ပွဲတွင် ခုနစ်နှစ်ဆက်တိုက် ဗိုလ်စွဲခဲ့ပြီး စက်ဘီးစီးအားကစားလောကမှ အနားယူသွားခဲ့သည်။

ဦးဆောင်

အထက်ပါ ချန်ပီယံမည်သူဖြစ်လာမည်ဆိုသည်ကို အဆင့်၁၉ဆင့် ပြိုင်ပွဲပြီးဆုံးသည်အထိ သိရှိနိုင်ရန် ခက်ခဲလျက်ရှိသည်။ ထိုစဉ်အတွင်း အမေရိကန်မှ ဖလွိုက်လန်းဒစ်သည် အဆင့် ၁၉ဆင့် ပြိုင်ပွဲအပြီး ပြိုင်ဘက်အားလုံးကို ဦးဆောင်လျက်ရှိသည်။

အဆိုပါ စက်ဘီးစီးအားကစားသမားသည် အမေရိကန်မှဂရက်လီမွန်နှင့် အမ်းစထရောင်းတို့ပြီးလျှင် ပြင်သစ်ခရီးရှည် စက်ဘီးစီးပြိုင်ပွဲတွင် ဗိုလ်စွဲမည့်သူဖြစ်သည်။ ၎င်းသည် ၂၀၀၂ခုနှစ်မှစပြီး ပြင်သစ်ခရီးရှည်စက်ဘီးစီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၎င်းသည် အမ်းစထရောင်း ခုနစ်ကြိမ်ဆက်တိုက်ဗိုလ်စွဲရေးအတွက် သုံးနှစ်တိုင် တစ်မိနစ်စီ နောက်ကျမှ ပန်းဝင်ခဲ့သူဖြစ်သည်။

ယခုနှစ် ၂၀၀၆ ပြင်သစ် တိုးဒီဖရန့်စ်တွင် ၎င်းအနေဖြင့်ချန်ပီယံဖြစ်ခွင့်ရရှိသွားပြီဖြစ်သည်။ ၂၀၀၆ ခုနှစ်၏ ချန်ပီယံသစ်ဖြစ်လာသည်။ ပြင်သစ် တိုးဒီဖရန့်စ်ပြိုင်ပွဲတွင် အဆင့်၂၀သာ ယှဉ်ပြိုင်စေခဲ့သည်။ ယခုအဆင့် ၁၉ ပြိုင်ပွဲအပြီး လန်းဒစ်က ပြိုင်ဘက်အားလုံးကို ဦးဆောင်နေသည်။ တစ်ဆင့်သာ ယှဉ်ပြိုင်ရန်လိုတော့သည်။

သို့ဖြစ်၍ ယခုနှစ်တွင် ပြင်သစ်တိုးဒီဖရန့်စ်၏ ချန်ပီယံသစ်သည် လန်းဒစ် ဖြစ်လာလိမ့်မည်ဖြစ်သည်။

(အင်တာနက်)

၂၀၀၆ ပြင်သစ်ခရီးရှည်စက်ဘီးပြိုင်ပွဲတွင် ချန်ပီယံသစ်ဖြစ်လာတော့မည့် လန်းဒစ်။ (ဓာတ်ပုံ-အင်တာနက်)

အနန္တကျေးဇူးရှင် ဘိုးဘိုး ပိုလ်မှူးကြီးတင်သိန်းလူ(ငြိမ်း)၏ (၉၀)နှစ်မြောက် မွေးနေ့မင်္ဂလာဆုတောင်း

၂၅–၇–၂၀၀၆ရက်မှာကျရောက်မည့် ဘိုးဘိုး၏(၉၀)နှစ်မြောက် မွေးနေ့မှသည် နောင်အသက်ရာကျော်တိုင် ဘိုးဘိုးချစ်သော မြေးများနှင့်အတူ ကျန်းမာပျော်ရွှင်စွာနဲ့ ဘုန်းဘုန်းကြီး၏ ပါရမီတော်ကို ဆုံးခန်းတိုင်အောင် ဖြည့်ဆည်းနိုင်ပါစေ။

ဘိုးဘိုးရဲ့ ချစ်မြေးများ–

ကလျာလူ	ခင်ကြွေခက်လူ	ဝေယံပိုင်လူ	Eddie Lu
	ခင်ဝေလက်လူ	သီရိမာလာလူ	ရည်မွန်သက်လူ
နေလလူ	Junior Lu	ခင်သီရိနန္ဒာလူ	Angel Lu
ကြာဖြူလူ	ခင်ပွင့်ဖြူလူ	Audi Lu	Doyle တင်ကျော်လူ

(၃၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ဖေဖေ **ဒေါက်တာဦးမျိုးမြင့်** (ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာန)နှင့် မေမေ **ဒေါ်တင်တင်ဝင်း** (ပါမောက္ခ–ငြိမ်း၊ သမိုင်းဌာန၊ အဝေးသင်တက္ကသိုလ်၊ ရန်ကုန်)တို့၏ ၂၄–၇–၂၀၀၆ရက်တွင် ကျရောက်သော (၃၄)နှစ်မြောက် မင်္ဂလာမှသည် နှစ်ပေါင်းများစွာ သားများနှင့်အတူ ကျန်းမာပျော်ရွှင်စွာ နေနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားကြီး – မျိုးသန့်ဝင်း(အင်ဂျင်နီယာ၊ စင်ကာပူ)

သားငယ် – ဥက္ကာမျိုး(မယ်ရီယော့ဟိုတယ်၊ စင်ကာပူ)။

မင်္ဂလာဆုမွန်လွှာ

ချစ်သော **ကိုရဲမင်းဒွေး(ကိုဒွေး)** (ခေတ္တ–USA) နှင့် **မအိမွန်ဖြူ** (ခေတ္တ–USA)တို့၏ ၂၅–၇–၂၀၀၆ရက် လက်ထပ်မင်္ဂလာရက်မြတ်မှစ၍ အောင်မြင်သော ဘဝခရီးကို အတူလက်တွဲ၍ ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လျှောက်လှမ်းနိုင်ပါစေ။

ချစ်သောအန်ကယ် – ဦးမင်းအေးချမ်း (Chief Engineer)
အစ်ကို နှင့် ညီမ – ဝိုင်း
ချစ်တူလေး – မင်းရဲထက်ကျော် မင်းသန့်အေးကျော်။

သားငယ်(ခ)သောင်းထိုက်ဦး ၁၄/ပသန(နိုင်)၀၈၃၇၂၀အားသိစေရန်

မိုးပုလဲဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ စာရင်းများကို ယနေ့မှစ၍ ခုနစ်ရက်အတွင်း အမြန်ဆုံးလာရောက်ဖြေရှင်းပေးရန်နှင့် လာရောက်မရှင်းလင်းပါက တရားဥပဒေအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

မိုးပုလဲဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး။



စက်ရုံငှားရမ်းလိုပါသည်

အထည်ချုပ်စက်ရုံ ပြုလုပ်ရန်အတွက် သင့်တော်မည့် ပေ ၁၅၀ x ၂၅၀ ပတ်လည်ကျယ်ဝန်းသော အဆောက်အအုံအား နှစ်ရှည်စာချုပ်ဖြင့် ငှားရမ်းလိုပါသည်။ ရေ၊ မီး၊ ဖုန်း အစုံအလင်ဖြင့် ရွှေပြည်သာစက်မှုဇုန် (၃)နှင့် (၄)ရှိ စက်ရုံများကို ဦးစားပေးငှားရမ်းမည်ဖြစ်ပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါရန်–
ဖုန်း–၃၈၃၀၃၆၊ ၂၄၂၈၃၆ (ရုံးချိန်အတွင်းသာ)။

Second Hand Sewing Machine များဝယ်လိုပါသည်

အထည်ချုပ်လုပ်ငန်းတွင် အသုံးပြုရန်အတွက် JUKI Second Hand Sewing Machine များ ဝယ်ယူလိုပါသဖြင့် ဖုန်းနံပါတ် ၃၈၃၀၃၆သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆုတောင်းပြည့်ကျောင်းတိုက်ကြီး၌ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူ

ရန်ကုန် ဇူလိုင် ၂၄

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဆုတောင်းပြည့်ကျောင်းတိုက် (၅၉)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ရက်တွင်ကျင်းပရာ ဆုတောင်းပြည့်ကျောင်းတိုက် ပဓာနမဟာနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသုမနာနန္ဒ အမှူးပြုသော စာချစာသင် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာ့အကျိုးတော်ဆောင်များနှင့် ဧည့်သည်တော်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းတိုက်အတွင်းတည်ဆောက်ဆဲ ရတနာညွန့်သုံးထပ်သံဃိက ကျောင်းဆောင်တော်အတွက် ဦးတင်ထူး–ဒေါ်နွဲ့နွဲ့ဝင်းတို့၏ သား ထူးအောင်ဝင်း၊ သမီး ခင်စုစုဝင်း(ထူးရေခဲမုန့်)က စတုတ္ထအကြိမ် အလှူငွေကျပ် ၁၀သိန်း၊ နှစ်ဖက်မိဘများအမှူးထား၍ ဦးခင်အောင်–ဒေါ်စန်းရီ မိသားစု၊ ဦးလှအောင်–ဒေါ်ချိုရှု မိသားစု၊ မောင်စောမင်းချစ်သူ၊ မသဇင်မြင့်သော်တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးဆင်အား ရည်စူး၍ ဒေါ်သန်းကြင် မိသားစုက ငွေကျပ် ၅၀၀၀၀တို့ကို အကျိုးတော်ဆောင်ဘဏ္ဍာရေးမှူး ဦးသိန်းမြင့် ထံပေးအပ်လှူဒါန်းကြသည်။ **(က–ပ)**

ဦးလှချိုအားရည်စူး၍ အမှတ်၃၆ ပထမလမ်း ဖျာပုံမြို့ ဇေယျာဝတီတိုင်းနေ ဇနီး ဒေါ်ကျင်နု၊ သား မောင်မောင်ခင်၊ မောင်မောင်စိုး၊ မောင်မောင်ချို၊ သမီး မအေးအေးချို မိသားစုက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်ဆယ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။
(က–ပ)

သာစည်မြို့နယ်သဲကုန်းကျေးရွာမူလတန်းကျောင်း မူလတန်းလွန်ကျောင်းအဖြစ်တိုးမြှင့်ဖွင့်လှစ်

ရန်ကုန် ဇူလိုင် ၂၄

သာစည်မြို့နယ် ဟံဇာကျေးရွာအုပ်စု သဲကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းကို ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် မူလတန်းလွန် ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို ဇူလိုင် ၂၅ရက် နံနက်၁၀နာရီတွင် အဆိုပါ ကျေးရွာ မူလတန်းကျောင်းတွင် ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်အောင်နှင့် မန္တလေးတိုင်းလက်ထောက်ပညာရေးမှူး ဦးစိန်ဌေးမောင်တို့က အမှာစကားပြောကြားကြပြီး မင်္ဂလာအချိန်တွင် မူလတန်းလွန်ကျောင်းကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ဝတ်စုံများပေးအပ်

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်နုက ၂၀၀၆–၂၀၀၇ခုနှစ် သဲကုန်းကျေးရွာ မူလတန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေကြသည့် ပံ့ပိုးရန်လိုအပ်သော ကျောင်းသားကျောင်းသူများအား ကျောင်းသုံးစာရေးကိရိယာများနှင့် တူညီဝတ်စုံများကို ပေးအပ်သည်။

ဆက်လက်၍ ကျေးရွာလူထုကိုယ်စား ကျောင်းသားမိဘတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျေးဇူးဆပ်ပါမည်

အဖ ဦးဝင်းသိန်း၏သား ကျွန်တော် မောင်ထွန်းမင်း ၁၂/ဗဟန(နိုင်)၀၉၂၈၉၇ ကိုင်ဆောင်သူ၏ မြန်မာနိုင်ငံကူးလက်မှတ် အမှတ် ၆၃၅၂၆၀သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။ **ဖုန်း–၀၉–၅၁၀၇၁၃၅။**

အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းကုသ

ရန်ကုန် ဇူလိုင် ၂၄

မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်း ဦးဆောင်သော(ခွဲစိတ်)၊ (ဆေးပညာ)၊(သားဖွား/မီးယပ်)၊ (စိတ်ကျန်းမာရေး)၊ (မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း)၊ (သွားဘက်ဆိုင်ရာ)နှင့် လက်ထောက်ဆရာဝန်(အရိုး)၊ လက်ထောက်ဆရာဝန်နှင့် ခရိုင်တိုင်းရင်းဆေးခန်းမှူးတို့ပါဝင်သည့် အထူးကုဆရာဝန်ကြီးများနှင့် အဖွဲ့သည် ဇွန် ၂၉ရက်တွင် သာစည်မြို့နယ် ရွာကြီးကျေးရွာသို့ ကွင်းဆင်း၍ ကျန်းမာရေးပညာပေးခြင်း၊ ပြည်သူ ၁၉၀အား အခမဲ့ဆေးဝါးကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ရှေ့နေချုပ်နှင့်ပြည်နယ်၊တိုင်း ဥပဒေအရာရှိများ ညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံ ပြန်လည်ရှင်းလင်း

ရန်ကုန် ဇူလိုင် ၂၄

နေပြည်တော်ရှိ ရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော ရှေ့နေချုပ်နှင့်ပြည်နယ်၊ တိုင်း၊ ခရိုင် ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲအတွေ့အကြုံ ပြန်လည်ရှင်းလင်းပွဲကို ဇူလိုင် ၁၆ရက် နံနက် ၉နာရီက မြိတ်မြို့ တနင်္သာရီတိုင်း ဥပဒေရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်း တိုင်းဥပဒေအရာရှိ ဦးမြင့်အောင်နှင့်တိုင်းဥပဒေရုံးမှ ဥပဒေအရာရှိများ၊ မြိတ်ခရိုင်ဥပဒေရုံးနှင့် မြိတ်ခရိုင်အတွင်းရှိ ဥပဒေရုံးများမှ ဥပဒေအရာရှိများ တက်ရောက်ကြသည်။

ဆွေးနွေး

ရှင်းလင်း ဆွေးနွေးပွဲတွင် တိုင်းဥပဒေအရာရှိ ဦးမြင့်အောင်က ရှေ့နေချုပ်နှင့် ပြည်နယ်၊ တိုင်း၊ခရိုင် ဥပဒေအရာရှိများ၏ (၂၈)ကြိမ်မြောက်လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ အတွေ့အကြုံများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ)
(ခရိုင် ပြန်/ဆက်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၄

ကျောက်ပန်းတောင်းအသင်း (ရန်ကုန်)က ကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်ပွဲနှင့်သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လမ်းမတော်မြို့နယ် သရက်တော ကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ပြုလုပ်မည်ဖြစ်သည်။

ဆက်ကပ်လှူ

အခမ်းအနားတွင် ကျောက်ပန်းတောင်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနက အမှူးပြုသော ပုရိမ ဝါဆိုဝါကပ်တော်မူကြမည့် စာချစာသင် သံဃာတော်အရှင်သူမြတ်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး အသက် ၇၅နှစ် အထက် အသင်းဝင် မိသားစုများအား သက်ကြီးပူဇော်ပွဲ ကျင်းပမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် သင်္ကန်းဒွိစုံ တစ်စုံလျှင် ကျပ် ၃၀၀၀နှုန်းဖြင့် လည်းကောင်း၊ အခြားလှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ကန်တော့ ပစ္စည်းများကိုလည်းကောင်း၊ ကျောင်းတိုက်ဆရာတော်ထံသို့ဖြစ်စေ၊ နီးစပ်ရာအမှုဆောင်များထံသို့ဖြစ်စေ လှူဒါန်းနိုင်ကြောင်းနှင့် ရန်ကုန်ရောက် ကျောက်ပန်းတောင်း မြို့နယ်သူ၊ မြို့နယ်သားအားလုံး၊ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

သစ်မြစ်
ဆေးရွက်
တောမှထွက်၏

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်/ကလေး ကြီးကြပ်ရေးအဖွဲ့ ကြီးမှူး ဆယ်အိမ်စုမှူးသင်တန်းဖွင့်ပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး သင်တန်း(၂/၂၀၀၆)ဖွင့်ပွဲကို ဇူလိုင်၁၄ရက် မွန်းလွဲ ၁နာရီက ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းရုံး၌ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေးစောင့် ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်ကြူကြူလှ တက်ရောက်၍ အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့် သင်တန်းသူ ၄၀တက်ရောက်ကြသည်။

တက်ရောက်

အလားတူ ဆယ်အိမ်စုမှူးသင်တန်း(၁/၂၀၀၆)ကို ဇွန် ၂၇ရက်က ကျိုင်းတုံမြို့ အမှတ်(၄)ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဖွင့်လှစ်ရာ သင်တန်းသူ ၃၈ဦး တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ လေးမြွှာပူးကလေးများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

ပဲခူး ဇူလိုင် ၁၆

ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့သို့ ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ ဦးကျော်ဇင်လင်း-ဒေါ်ခိုင်နွယ်ဝင်းတို့၏ သားသမီးများဖြစ်ကြသော လေးမြွှာပူးကလေးများအတွက် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၁ရက် နံနက် ၁၀နာရီက ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်စဝ်နွန်းခွန်ဆမ်က အမှာစကား ပြောကြားပြီး Dumex နို့မှုန့်ကုမ္ပဏီ အပါအဝင် အလှူရှင်များက ငွေကျပ် ၄၆၀၀၀၀ တန်ဖိုးရှိ ပစ္စည်းများနှင့် အလှူငွေများကိုလှူဒါန်းရာ တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဌ ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် တာဝန်ရှိသူများက လက်ခံပြီး လေးမြွှာပူးကလေးများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

ငပုတောမြို့နယ်စာကြည့်တိုက်များအတွက် ရေဒီယိုနှင့်စာအုပ်များပေးအပ်လှူဒါန်း

ငပုတော ဇူလိုင် ၇

ငပုတောမြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ရေဒီယိုနှင့်စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင်၁ရက် မွန်းလွဲ ၁နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဌ ဦးငွေးကျော်က ရေဒီယိုနှင့် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားပြီး ရေဒီယိုနှင့် စာအုပ်များကို ကျေးရွာစာကြည့်တိုက်များသို့ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

အဆိုပါ လှူဒါန်းပွဲတွင် စေတနာရှင်များ စုပေါင်းလှူဒါန်းသည့် ရေဒီယို အလုံး၃၀နှင့် စာအုပ်ပေါင်း ၃၄၀ တန်ဖိုးငွေကျပ် သုံးသိန်းကျော်ဖိုး ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်မြို့အဝင် မင်းကြီးတောင်ခြေတွင် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော် ဦးဆောင်သော စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သောပန်းပြာသာဒ်ပုံဖော် ပြုပြင်ခြင်းကို ဇွန်၆ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မိုးရာသီတွင် ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန် အမှိုက်များ ဆယ်ယူဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ရက်က ဒိုင်းဝန်ကွင်းလမ်း ရေမြောင်းဆယ်ယူရာသို့ မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေနုတ်မြောင်း စုပေါင်းတူးဖော်

အင်းတော် ဇူလိုင် ၁၀

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အောင်ချမ်းသာရပ်ကွက်နေ ပြည်သူများ စုပေါင်း၍ ပြည်ထောင်စုလမ်းမ ဝဲယာ တစ်လျှောက် ရေနုတ်မြောင်း တူးဖော်သန့်ရှင်းရေးဆောင်ရွက်မှုကို ဇူလိုင်၃ရက်က အမှုဆောင်အရာရှိ ဦးသန်းနိုင်ဦး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးချစ်ဆွေ၊အမျိုးသမီးရေးရာအဖွဲ့ဥက္ကဌ ဒေါ်ချိုချိုစမ်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခင်လှမိ၊ အောင်ချမ်းသာရပ်ကွက်ဥက္ကဌ ဦးတင်အောင်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။**(မြို့နယ်စည်ပင်)**

ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းမွန်ရေးနှင့် ခြင်အန္တရာယ်ကာကွယ်ရေးအတွက် မြို့မဈေးအရှေ့ဘက် ရေနုတ်မြောင်းများတူးဖော်၍ အမှိုက်များရှင်းလင်းခြင်းကို ဇွန် ၂၈ရက်က အမှုဆောင်အရာရှိ ဦးဌေးကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၂ ရက်
၂၆-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မိုဘိုင်းလ်ဖုန်းခေတ်ခဲ့အတွက် ကာကွယ်ပေးသည့်အားသွင်းစက်
- ၁၁း၃၀ သောတရှင်အတွက် ပြန်ကြားချက်
- ၁၂း၀၀ ယဉ်ကျေးမှုအနုပညာ(မြန်မာ့အစဉ်အလာနှင့် ပုရပိုက်ပန်းချီ-ဦးမင်းနိုင်)
- ၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ရိုးရာယဉ်ကျေးမှု-သစ္စာရှင်)
- ၁၂း၃၅ သီချင်းကြီးပဒေသာ (မြန်မာတို့ကို အကျိုးပြုနေသော
  - (၁)နတ်စည်ငယ်လေမိုး ဘွဲ့-အုတ်ဖိုလှမင်း
  - (၂)ပုံပမာ(ကြိုး)-ခင်မာကြည်
  - (၃)ရွှန်းရွှန်းမြ(သီချင်းခန့်)-မောင်မောင်ကြီး
  - (၄)ရွှေဖီဇင်ဂေါ်(ပတ်ပျိုး)-စန်းစန်းဦး

ညနေပိုင်း

- ၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁)မိုးတစိမ့်စိမ့်
  - (၂)ဝေးတစ်မြေခြား
  - (၃)မြားနတ်မောင်သူပလီ
- ၁၇း၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ Hot Pot ပူပူလေးသောက်ကြမယ်
- ၁၇း၄၅ သူ့လက်သံ(အဆို၊ အက၊ အရေး၊ အတီး ဆုရ ရန်ကုန်တိုင်းမှ မောင်အောင်၏ ဂီတာလက်သံ)
- ၁၈း၄၀ စာအုပ်စာပေ လူ့မိတ်ဆွေ
  - (၁)မြော်မြင်စဉ်းစား ပညာစကား (ဆရာဦးသိန်းလွင်)
  - (၂)တရားယောင်ယောင် ဟန်ဆောင်တတ်သော သူတော်ယောင်ယောင် တရားများ (ဦးကျော်ဇေယျ)
- ၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး (ချိုကြည်သာ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဂန္ဓဝင်သုံးဖော်-၂ တေးစီးရီး)
- ၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁)ချစ်ရက်ဆုံနိုး မကြုံနိုးနှင့်
  - (၂)ချစ်အိပ်မက်
  - (၃)မအိုသေးတဲ့ချစ်သူ

ပန်းအလှပင်များစိုက်ပျိုး ပေါင်းမြက်များရှင်းလင်း

မုဒုံ ဇူလိုင် ၂၁

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ မြို့အဝင် ဆိုင်းဘုတ် ပတ်ဝန်းကျင် သာယာလှပရေးနှင့် မြို့ဝင်လမ်းတစ်လျှောက် စိမ်းလန်းစိုပြည်စေရေးအတွက် ဇူလိုင်၁၈ရက်က ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြရာ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်းသိရသည်။ (မြို့နယ် စည်ပင်)

အမှာစကားပြောကြား

ကွန်ပျူတာပညာ အခြေခံအဆင့် တတ်ကျွမ်းနိုင်ရေးသင်တန်းဖွင့်ပွဲကို ဇူလိုင်၁၀ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ အမှုဆောင်အရာရှိ ဦးဖြူညွန့်က သင်တန်းဖွင့် အမှာစကား ပြောကြားစဉ်။ (မြို့နယ် စည်ပင်)

ရေတာရှည်မြို့ မြို့ဦးကျောင်း ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ဇူလိုင်၁၀ရက်က ကျင်းပရာ ပဓာန နာယက ဆရာတော်အား တပ်ကုန်းမြို့ ကင်းသာရွာနေ မယ်တော်ဒေါ်မိက ဝါဆိုသင်္ကန်းတစ်စုံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သေဋ္ဌိလဓမ္မာရုံတည်ဆောက်ရေးအလှူငွေပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၂

မော်လမြိုင်ကျွန်းမြို့ တောရကျောင်းပရိယတ္တိစာသင်တိုက်ဝင်းတွင် ဆောက်လုပ်မည့်သေဋ္ဌိလဓမ္မာရုံဆောက်လုပ်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင်၉ရက်နံနက် ၈ နာရီက တောရကျောင်းတိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောရကျောင်းပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်ဘဒ္ဒန္တသေဋ္ဌိလထံမှ သြဝါဒခံယူကြပြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှနွယ်က သေဋ္ဌိလဓမ္မာရုံတည်ဆောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းကြရာ ဦးသန်းဌေး- ဒေါ်တင်မာဦး၊ သားမောင်မင်းသူထက်နှင့် မောင်ထက်ဝေလင်းမိသားစု အောင်ဆန်း ၁ လမ်း မော်လမြိုင်ကျွန်းမြို့က ငွေကျပ်သိန်း၃၀ကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှနွယ်နှင့် အတွင်းရေးမှူး ဦးတင်အေးတို့က လက်ခံယူကြသည်။

လှူဒါန်း

အဆိုပါ သေဋ္ဌိလဓမ္မာရုံဆောက်လုပ်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲတွင် အလှူရှင် ၁၅ ဦးတို့က အလှူငွေကျပ် ၆၅သိန်း ပေးအပ်လှူဒါန်းကြသည်။ (ဝ၉၇)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သုတ်စေတီ ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန် ၁၈ရက်က မော်လမြိုင်မြို့ မရမ်းကုန်းရပ်နေ ဒေါ်ညွန့်မွှေး မိသားစုက ငွေကျပ် တစ်သိန်းငါးသောင်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း လက်ခံယူစဉ်။ (၁၆၈)

ကလေးဗဟိုပြု သင်ယူချဉ်းကပ်နည်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာသင်တန်းဖွင့်

မင်းဘူး ဇူလိုင် ၁၂

ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအေဂျင်စီတို့ ပူးပေါင်းဆောင်ရွက်သော ကလေးဗဟိုပြု သင်ယူချဉ်းကပ်နည်း မြှင့်တင်ဆောင်ရွက်ရေးဆိုင်ရာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၇ ရက် နံနက်၈နာရီက အထက(၁)ကျောင်းခန်းမ၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်၊ မကွေးပညာရေးကောလိပ်ကျောင်းအုပ်ကြီး၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မကွေးပညာရေးကောလိပ်ကျောင်းအုပ်ဆရာကြီးတို့က အမှာစကားများ ပြောကြားကြသည်။

သင်တန်းကာလ

အဆိုပါသင်တန်းများကို မင်းဘူးအထက(၁)နှင့် စကုအထကတို့တွင် ဖွင့်လှစ်ဆောင်ရွက်ရာ ဆရာဆရာမ ၃၃၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဟင်းသီးဟင်းရွက်များ လတ်ဆတ်စွာရောင်းချရေး ပညာပေးဆောင်ရွက်

မော်လိုက် ဇူလိုင် ၇

မော်လိုက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့်ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး၊ ဟင်းသီးဟင်းရွက်နှင့် အသားငါးများ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချရေး ပညာပေးဆောင်ရွက်မှုများကို ဇွန် ၂၄ ရက်က ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်လေး၊ အမှုဆောင်အရာရှိ ဦးရဲထွဋ်နှင့် ဈေးဝန်ထမ်းများက ဈေးဆိုင်များအတွင်း ကွင်းဆင်း စစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ဖျာပုံမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကျင်းပ

ဖျာပုံ ဇူလိုင် ၁၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၆-၂၀၀၇ ခုပညာသင်နှစ်အတွက် အဖွဲ့ဝင်သားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်ချီးမြှင့်ပွဲကို ဇူလိုင် ၄ ရက် မွန်းလွဲပိုင်းက စစ်မှုထမ်းဟောင်းအဖွဲ့ရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးရဲထွဋ်နှင့် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)တို့က အမှာစကားပြောကြားသည်။

ထို့နောက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကိုကျင်းပရာစစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများ ဖြစ်ကြသော မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ကျောင်းသူကျောင်းသား ၉၉ ဦးတို့အတွက် အဖွဲ့ရန်ပုံငွေကျပ် ၃၄၆၅၀၀နှင့် ဒုတိယဗိုလ်မှူးကြီးရဲထွဋ်က တစ်ဦးလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ငွေကျပ် ၉၉၀၀၀တို့အားခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ် **(အပေါ်ပုံ)**၊ ဗိုလ်ကြီးသက်ပိုင်(ငြိမ်း)နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ကျောင်းသားမိဘများက လက်ခံယူကြသည်။ **(၁၅၈)**

စုပေါင်းတူးဖော်

ဓနုဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ဦးဆောင်သောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန် ၂၄ရက်က ဓနုဖြူမြို့ အမှတ်(၈)ရပ်ကွက်အတွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရန် စုပေါင်း တူးဖော်ကြစဉ်။ (၀၈၅)

ပြင်ဦးလွင်မြို့နယ်ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲကွင်းဖွင့်

ပြင်ဦးလွင် ဇူလိုင် ၂၂

ပြင်ဦးလွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဖလားဘောလုံးပြိုင်ပွဲ ကွင်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် မွန်းလွဲ ၂ နာရီခွဲက ပြင်ဦးလွင်ခရိုင် အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မွန်၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးပါစည်၊ အဖွဲ့ဝင်(၁) ဒုတိယရဲမှူး မောင်စိုး၊ အဖွဲ့ဝင်(၂) မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ရင်၊ မြို့နယ်အသင်းအတွင်းရေးမှူးဦးသောင်းမြင့်သိန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ ဘောလုံးအားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်ကြသည်။

ဆုဖလားအပ်နှံ

အခမ်းအနားတွင် ၂၀၀၅ ခုနှစ် ဒိုင်းဆုရနယ်မြေ(၄)ဘောလုံးအသင်းက မြို့နယ်ဥက္ကဋ္ဌထံ ဆုဖလားအပ်နှံသည်။

ထို့နောက် ကွင်းဖွင့်ပြိုင်ပွဲအဖြစ် နယ်မြေ(၄) ဘောလုံးအသင်းနှင့် ရပ်ကွက်ကြီး(၆) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသော နယ်မြေ(၄) ဘောလုံးအသင်းမှ နောက်တန်းအကောင်းဆုံးအားကစားသမားမင်းသီဟအားမြို့နယ်အသင်း အတွင်းရေးမှူး ဦးသောင်းမြင့်သိန်းက ဆုချီးမြှင့်သည်။

(ကြံ့ခိုင် ဖွံ့ဖြိုးရေး)

တွံတေးမြို့ မိဘဂုဏ် ဘိုးဘွားရိပ်သာတွင် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ရန်ကုန်မြို့ ကြည့်မြင်တိုင် မြို့နယ် အုန်းပင်လမ်း အမှတ်(၂၁) ပထမထပ်နေ ဦးစိုးမြင့်-ဒေါ်လှလှဝင်း မိသားစုက အာဟာရပဒေသာပင်အတွက်ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၁)ဦးကျော်သန်းက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၈၀)

အမြို့မြို့ အနယ်နယ် သတင်းများ

ထားဝယ်ခရိုင် ပြန်/ဆက်ဝန်ထမ်းများ မွမ်းမံသင်တန်းဖွင့်

ထားဝယ် ဇူလိုင် ၁၂

ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို ဇူလိုင် ၃ရက် နံနက် ၈နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ထားဝယ်ခရိုင်ရုံး စာကြည့်တိုက်ခန်းမတွင် ကျင်းပသည်။

သင်တန်းသို့ ထားဝယ်ခရိုင်အတွင်းရှိ ခရိုင်ရုံးနှင့် ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်း၊ ကလိန်အောင်နှင့် မြေတ္တာမြို့နယ်ရုံးများမှ သင်တန်းသားသင်တန်းသူ ၂၀တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ နှစ်ပတ်ဖြစ်သည်။

သင်တန်းဘာသာရပ်များကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိဦးအေးဖေနှင့် ခရိုင်အတွင်းရှိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးများဖြစ်သည့် ဦးထွန်းမြင့်၊ ဦးထွန်းရီ၊ ဒေါ်စန်းစန်းမြင့်၊ ဒေါ်ဖြူဖြူရှိန်နှင့် ဒေါ်မူမူအေးတို့က ပို့ချကြသည်။

(ခရိုင် ပြန်/ဆက်)

ဝါးခယ်မ-ကျုံမငေး မော်တော်ယာဉ်ငယ်လိုင်းဖွင့်

ဝါးခယ်မ ဇူလိုင် ၁၂

ဧရာဝတီတိုင်း ဝါးခယ်မ-ကျုံမငေး မိုးရာသီခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ငယ်လိုင်းဖွင့်ပွဲကို ဇွန် ၃၁ ရက် နံနက် ၇နာရီက ဝါးခယ်မမြို့ သံကြိုးတိုင်ရပ်ကွက် ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ငယ်လိုင်း အဆောက်အအုံရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် ဝါးခယ်မ-ကျုံမငေး မိုးရာသီ ခရီးသည်ပို့ဆောင်ရေး မော်တော်ယာဉ်ငယ်လိုင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီဝင်နှင့် ယာဉ်လိုင်းတာဝန်ခံတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

အဆိုပါ ဝါးခယ်မ-ကျုံမငေး မိုးရာသီခရီးသည်ပို့ဆောင်ရေးမော်တော်ယာဉ်ငယ်လိုင်းကို ဇွန်၃၁ရက်မှ စတင်၍ ဟိုက်အေစ့်၊ ဟိုက်လက်စ်ယာဉ်ငယ်များ ဖြင့် နေ့စဉ်ပုံမှန်ပြေးဆွဲကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

[illegible]

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၃၈၁၆ အမျိုးအမည် Aeolus EQ 8D 142 ယာဉ်လက်ဝယ်ရှိသူအမည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း (သထုံ)မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(သထုံ)။**

ဖခင်အမည်မှန် ဇဗာန်းမြို့နယ် အမက(၁၀) ဒုတိယတန်း(A)မှ မောင်ဝေယံမိုးကျော်၏ ဖခင်အမည်မှန်မှာ ဦးမိုးကျော်ကျော်၁၂/တမန(နိုင်)၀၉၃၁၀၄ ဖြစ်ပါသည်။ **ဦးမိုးကျော်ကျော်။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်- ၂၇၇(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်ညိုညို

မိတ္ထီလာ။

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၈၇တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၂၄ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ထနောင်းကန်ရပ်၊အကွက်အမှတ်(၆၅/ထနောင်းကန်)၊ ဦးပိုင်(၇၂/က)၊ မြေဧရိယာ ၀ဒသမ၂၂ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ မီးဖိုဆောင်၊ရက်ကန်းစက်ရုံ၊ စက်ပစ္စည်းများအားလုံး။

ကြမ်းခင်းဈေး - ကျပ် ၅၃ သိန်း

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)

မန္တလေးတိုင်းတရားရုံး

၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်- ၁၅၉

မန်နေဂျာ ၁။ ဒေါ်ပု
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ ဦးဝင်းမြင့်
ဝမ်းတွင်းမြို့။ ၃။ ဒေါ်ကြည်မြ

တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် - ၄၃၄တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် စက်တင်ဘာလ၅ ရက်နေ့၊(မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ တော်သလင်းလဆန်း၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့၊ရွာတန်းလျှော်ပင်ရပ်၊ကွင်းအမှတ်(၁၅၈၀/လျှော်ပင်အရှေ့ကွင်း)၊ ဦးပိုင် အမှတ်(၅၃)၊ မြေကွက်အမှတ် (၁၄) ဧရိယာ ၀ဒသမ ၂၅ ဧကရှိမြေ၊ယင်းမြေပေါ်ရှိ (၂၅ x ၂၁)ပေရှိ နံကပ်သွပ်မိုး၊ကွန်ကရစ်ခင်း နှစ်ထပ်တိုက်၊ (၂၆x၁၈)ပေ နံကပ်သွပ်မိုး၊ ကွန်ကရစ်ခင်း၊ ရက်ကန်းစက်ရုံ၊ စက်ရက်ကန်းသုံးစင်(မြန်မာအင်တိုက်)ချည်ချ ရက်ဖောက်တစ်စုံ (၄၀)လက်။

လေလံကြမ်းခင်းဈေး-ကျပ်သိန်း ၂၀၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချရမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇူလိုင်လ၁၀ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စီစီ
တွဲဖက်တိုင်းတရားသူကြီး(၈)
မန္တလေးတိုင်းတရားရုံး။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(၁)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၀၆ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၃

ရိုးမဘဏ်လီမိတက်(၎င်း၏လက်ထောက်အရာရှိ ဒေါ်ဖြူဖြူဝင်း) **နှင့်** ဒေါ်ဇွန်သန္တာဇော်

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၈၇လမ်း၊ အမှတ်(၅၄) နေ ဒေါ်ဇွန်သန္တာဇော် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ ရိုးမဘဏ်လီမိတက်(၎င်း၏လက်ထောက်အရာရှိ ဒေါ်ဖြူဖြူဝင်း)က ငွေ ၁၉၆၁၃၀၈ ကျပ် ၀၅ ပြား (ကျပ်တစ်ဆယ့်ကိုးသိန်းခြောက်သောင်းတစ်ထောင်သုံးရာ့ ရှစ်ကျပ်ငါးပြားတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ခုနှစ် ဩဂုတ်လ၁၁ ရက် (၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇူလိုင်လ ၁၁ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ခင်နှင်းဦး(တ/၁၆၀၆)
ဒုတိယခရိုင်တရားသူကြီး(၂)၊အရှေ့ပိုင်းခရိုင်တရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ (**Sealed Tender**)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

တင်ဒါအမှတ် -၀၇/မမ/ပြည်တွင်း/ Hard Coke (CME) /06-07

ရက်စွဲ ၂၄-၇-၂၀၀၆

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1	Hard Coke	120 Ton

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန်- ၈-၈-၂၀၀၆ (အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ ချိပ်ပိတ်တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၄-၇-၂၀၀၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် (၅၁)လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၁၉၈၂၊ ၂၉၁၉၉၄၊ (၂၀၁၅၅၅-လိုင်းခွဲ-၆၀၂၊ ၆၁၃)။

ဦးဆာလင်(ခ) ဦးအင်ဟိုစွမ် (မြိတ်)

(ကိုအင်ငယ်ဆေးဆိုင်)

အသက်(၈၉)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်၊ ဘုရားကြီးလမ်း၊ အမှတ် ၁၈(ခ)၊ ကမ်းနားလမ်း၊ ထားဝယ်စုရပ်နှင့် ရန်ကုန်မြို့၊ အမှတ်၂၊ ဘုရားကျောင်းလမ်း၊ တာမွေလေးရပ်ကွက်နေ (ဒေါ်ခင်နွဲ့)၏ခင်ပွန်း၊ ကိုကျော်ကျော်ဝင်း-မယဉ်မိုးပိုင်၊ကိုစိုင်းကျော်ဝင်းဦး-မတင်ဇာပိုင်၊ မခင်သန္တာပိုင်၊ မောင်သူရိန်လင်း၊ မောင်စိုးမင်းဟန်၊ မအေးပွင့်ဟန်၊ မောင်ဟိန်းမိုးမြင့်လွင်၊ မမိုးနှင်းဖြူမြင့်လွင်၊ မဝတ်ရည်နှင်း၊ မငုဝါချို၊ မောင်ထူးမြတ်နိုင်၊ မောင်မြတ်ကောင်းထက်ဇော်၊ မထက်ရတနာဇူး၊ မအိမ်ဖြူမြင့်၊ မောင်စည်လင်းထွန်း၊ မောင်အောင်ထက်မိုး၊ မောင်ဟိန်းမိုးသူ၊ မခင်ငြိမ်းမိုး၊ မောင်အာကာမင်းထက်၊ မယုဇနတင်ဆက်၊ မောင်နေလင်းထက်တို့၏အဘိုး၊ မောင်ဝန်းရုံပိုင်ကျော်၊ မသိမ့်မွှေ့သံစဉ်တို့၏ဘိုးဘိုးကြီးသည် ၂၁-၇-၂၀၀၆ရက်(သောကြာနေ့)ည ၈း၁၀နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၇-၂၀၀၆ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) (မြိတ်အသင်းမှကားများ နံနက်၉နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

သုံးခွမြို့ အမှတ်(၁) ရပ် ကွက် အနော်ရထာလမ်းနေ ဦးပေါက်စီ(ခ) ဦးသိန်းစံ နှင့် မောင်နှမများက သုံးခွ နာရေးကူညီမှု အသင်းသို့ အလှူ ငွေကျပ် တစ် သိန်း ကို နာယကဆရာတော် ဘဒ္ဒန္တ ကောသရ၏ ရှေ့မှောက်တွင် ဒုတိယ ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အလုပ်အမှုဆောင်အဖွဲ့ထံ ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)

ကြို့ပင်ကောက်မြို့ ဇောဓိရိပ်သာကျောင်းတိုက်၏ ပဓာန နာယက (ပြည်တွင်း/ပြည်ပသာသနာပြု)အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောနက ဆရာတော်နှင့် ဝါဆိုတော်မူကြမည့် သံဃာတော်၂၂၆ပါးတို့အား ဇောဓိရိပ်သာကျောင်းတိုက်တွင် ဇူလိုင်၁၀ရက်က ဝါဆိုသင်္ကန်းဆက်ကပ်အပြီး ဝါဆိုတော်မူကြမည့် သံဃာတော်များ ဆရာတော်ဘဒ္ဒန္တ သောနကထံ ဩဝါဒ ခံယူစဉ်။ (၀၄၀)

ရေဆိုးထုတ်မြောင်း တူးဖော်ရှင်းလင်း

မြစ်ကြီးနား ဇူလိုင် ၅

မြစ်ကြီးနားမြို့ မြို့မ မင်းရပ်မြို့သစ် ရပ်ကွက်အတွင်းရှိ ရေထွက်မြောင်းနှင့် ခေမာသီရိရပ် ဈေးလမ်းဘေးဝဲယာတစ်လျှောက် ပင်မရေဆိုးထုတ်မြောင်းမကြီးများတွင်ချုံနွယ်များ၊ အမှိုက်များနှင့် နုန်းမြေများ တူးဖော်ရှင်းလင်းခြင်းကို ဇွန်၁၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်၊ ဒုတိယဦးစီးမှူး (သန့်)ဦးသန်းဝင်းတို့ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးနှင့် အင်ဂျင်နီယာမှူး ဦးသိန်းမြင့်တို့ ကွင်းဆင်းကြပ်မတ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားမိဘများနှင့်တွေ့ဆုံ ကျောင်းခေါ်ချိန်ပြည့်မီရေးနှင့် အောင်ချက်မြင့်မားရေးဆွေးနွေး

မင်းဘူး(စကု) ဇူလိုင် ၁၈

မကွေးတိုင်း မင်းဘူး(စကု)မြို့နယ် စကုမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမတွင် ကျင်းပသော ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများ၏ မိဘအုပ်ထိန်းသူများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်၉နာရီခွဲက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပြောကြား

အခမ်းအနားတွင် အမှတ်(၁)ရပ်ကွက်ဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ကျောင်းသားကျောင်းသူများ ကျောင်းမှန်မှန်တက်ရေး၊ ကျောင်းခေါ်ချိန်ပြည့်မီရေးတို့အတွက် မိဘများအား ရှင်းလင်းပြီး စကု အထက တာဝန်ခံကျောင်းအုပ်ဆရာကြီးဦးသန်းထွန်းက ယနေ့ပညာခေတ်တွင် နိုင်ငံတကာနှင့်လည်းကောင်း၊ အာဆီယံနိုင်ငံများနှင့်လည်းကောင်း ရင်ပေါင်တန်းနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြရမည့်ကျောင်းသားကျောင်းသူများ ကျောင်းခေါ်ချိန်ပြည့်မီရေး အသေးစိတ်ရှင်းလင်းခြင်း၊ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲအတွက် ကျောင်းခေါ်ချိန်၇၅ ရာခိုင်နှုန်းပြည့်မီရေး၊ အောင်ချက်နှင့် အောင်မှတ်မြင့်မားရေး၊ ကျောင်းတိုးတက်ရေးတို့ကို ဆွေးနွေးပြောကြားသည်။ **(ဝဲပုံ)** **(၃၄၈)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၄

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping ဦးဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်၊

စာမျက်နှာ ၇ ကော်လံ ၃ *

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Liu Ping အား နေပြည်တော်ရှိ ဝန်ကြီးချုပ်ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

သံလွင်မြစ်ရေစိုးရိမ်ရေမှတ်

ရန်ကုန် ဇူလိုင် ၂၄

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၇၁စင်တီမီတာသို့ ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်လာစေရန် အောင်မြင်အောင်လုပ်ဆောင် ဒေသဝမ်းစာဖူလုံမှုရရှိအောင် စပါးစိုက်ပျိုးမှုကို အလေးထားတိုးချဲ့စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၂၄

ချင်းပြည်နယ် မတူပီမြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊

စာမျက်နှာ ၇ ကော်လံ ၁ ●

အလင်းစခန်းမှ အလင်းပန်းဖြင့် ဝမ်းပန်းတသာကြိုဆိုကြသူများ၏ ခံစားချက်ရုပ်လွှာများ

ပြကွက်ကပြောင်းသွား၏။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ခန်းမအတွင်း တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည့် တပ်မဟာ (၇၅၈) မှ ခေါင်းဆောင်များအား လက်ခံတွေ့ဆုံ၍ လိုအပ်သည်များမှာကြားရင်း နိုင်ငံတော်၏ လက်တလော ချီးမြှင့်ငွေ ကျပ်သိန်း ၃၀၀ ပေးအပ်ပုံများ၊ နှစ်ဦးနှစ်ဖက် နွေးထွေးလက်တို့ သိုင်းယှက်နှုတ်ဆက်ပုံများ။

"ယခုကဲ့သို့ အမြင်မှန်၊ အသိမှန်ဖြင့် အလုံးအရင်းနှင့် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသည့်အတွက် အေးချမ်းသာယာစွာဖြင့် ဖွံ့ဖြိုးတိုးတက်လိုကြသော ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း) ရှိ တိုင်းရင်းသားမျိုးနွယ်အားလုံး၊ ပြည်သူတစ်ရပ်လုံးနှင့်တကွ

တပ်မတော်ကပါ ချစ်ချစ်ခင်ခင် နွေးနွေးထွေးထွေး ကြိုဆိုကြလျက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်ရှိကြသည်"

အလင်းစခန်းသို့ အလင်းလမ်းမှ လျှောက်လှမ်းရောက်ရှိလာကြသူများနှင့် အလင်းစခန်းမှ အလင်းပန်းဖြင့် ဝမ်းပန်းတသာ ကြိုဆိုကြသူ ပြည်သူများ၏ ခံစားချက်ရုပ်လွှာများပါပေ။

ရဟန်းခံဆရာတော် (လှိုင်လင်) ၏
အလင်းစခန်းနဲ့ အလင်းလမ်း (၁) ဆောင်းပါး (စာ - ၈ နှင့် ၉)